
စိတ်ကူးချိုချိုအနုပညာ

ကာမဒွေးရုံပြဇာတ်ခေတ်က ဝင်ငွေစံချိန်ချိုး အောင်မြင်ခဲ့ရသည့်
စာရေးဆရာ၊ ဒါရိုက်တာကြီး ဘဘဦးသုခ၏
မှုရင်းဝတ္ထုလက်ရာကို ပြန်လည်ဖော်ထုတ်ခြင်း။



# သူမ
# ချစ်တော့ ချစ်တယ်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com



အို... ယုက – ဘွင်းဘွင်းပဲ ပြောတတ်တယ်။ မိန်းကလေးပေမဲ့ သူများလို မူလကျီ မလုပ်ချင်ဘူး... ကိုကိုတင့် ပြောပြီးကတည်းက စဉ်းစားရာက ကိုကိုတင့် ယောကျ်ားပီသတာတွေ ယု သိရကြားရတယ်။ ဒီကနေ့ညကျတော့ အပြောနဲ့အလုပ်ညီအောင် ကြိုးစားတာကို ထပ်သိရ တယ်။

ဒီတော့ ယု ဆုံးဖြတ်နိုင်လောက်အောင်
စိတ်အထမြောက်သွား တယ်။

ဒါကြောင့် .....

# ယု
# ချစ်တော့ ချစ်တယ်

thuk0001
2,200.00 KS

mgyoe.com

ချစ်တော့ချစ်တယ်၊ သုခ
စာမျက်နှာ ၂၀၀++ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၉ သိတာအေးပုံနှိပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# ချစ်တော့ချစ်တယ်

သုခ

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာ

## လက်ရာသစ်

ချစ်တော့ချစ်တယ် ဝတ္ထုကို ၁၉၄၂ ခု၊ ဂျပန်ခေတ်ကပင် ထုတ်ဝေခဲ့၏။ သို့ရာတွင် ဤဝတ္ထုပေါ်တွင် အထူးစိတ်ဝင်စားလှသော စာရေးဆရာသုခမှာ ထိုစဉ်က အခြေအနေအရ ကသုတ်ကရက် ရေးသားထုတ်ဝေခဲ့သည်ကို မကျေနပ်နိုင်ဘဲ တစ်နေ့တွင် ဝတ္ထုကိုလည်း ပြန်လည်ရေးသား၍ ရုပ်ရှင်ပြဇာတ်တစ်ခုခုအဖြစ်ဖြင့်လည်း ပြသနိုင်ရန် အားခဲလာခဲ့ရာ ယခုအချိန်တွင်မှ နှစ်စဉ်တာဝန်ခံ ကြိုးပမ်းနေကျ စာရေးဆရာပြဇာတ်ကိုပင် မလုံးပန်းနိုင်ဘဲ နေ့ပိုင်းကို ပြဇာတ်အတွက် အချိန်ပေး၊ ညပိုင်းကို ဝတ္ထုရေးနှင့် မနားမနေဆိုသလိုပင် ရေးသားခဲ့သောကြောင့် ၁၉၄၉ ခု၊ သုခ၏လက်ရာသစ်ဟု ကြွေးကြော်လိုက်ရခြင်းဖြစ်ပေသည်။

## ဝတ္ထုနှင့် ပြဇာတ်

ချစ်တော့ချစ်တယ် ပြဇာတ်သည် ကာဋ္ဌေးရုံတွင်စတင်ပြသသည့် ပထမနေ့မှာပင် ယခင့်ယခင်က ပြဇာတ်လောက ဝင်ငွေစံချိန်ကို ချိုးလိုက်လေသည်။ နောက်နေ့များတွင် တစ်ပွဲ၏စံချိန်ကို တစ်ပွဲက ချိုး၍ ချိုး၍ သွားပြန်၏။

mgyoe.com

mgyoe.com

ဤအကြောင်းကို ပြောရခြင်းမှာ ယခုခေတ်တွင် ပြဇာတ်ဟူသည် အဆင့်အတန်းရှိဖို့ မလို၊ ရယ်စရာများများ လုပ်ပေးရမည်၊ ပေါင်ပေါ် ရင်ပေါ် – ကော့ကော်ကံကား လုပ်ပေးရမည်။ မြန်မာပွဲကြည့် ပရိသတ် ထက် တရုတ်ပွဲကြည့် ပရိသတ်ကို ပို၍ ဂရုစိုက်ရမည်ဟူသော စွဲမှတ်ချက်ကြီးတစ်ခု ဖြစ်ပေါ်နေခဲ့ရာ ထိုအယူအဆကို ယဉ်ယဉ်သန့်သန့် အနုပညာသဘောအပြည့်အဝနှင့် တန်ဆာဆင်ထားသည့် ချစ်တော့ ချစ်တယ် ပြဇာတ်ဖြင့် ပယ်ဖျက်၍ ပြလိုက်ကြောင်းကို ဖော်ပြလိုသော ကြောင့် ဖြစ်ပေသည်။

သုခမှာ ဒါရိုက်တာသုခအနေအားဖြင့် မိမိလုပ်ငန်း 'စွံ' သည့် အတွက် ဝမ်းမြောက်ကောင်း မြောက်မည်ဖြစ်သော်လည်း စာရေးဆရာ သုခအနေအားဖြင့်မူ စာအုပ်ထဲက အရသာအတိုင်း လုပ်ချင်တာတွေ လုပ်၍ မပြနိုင်သည့်အတွက် မကျေမနပ်ဖြစ်နေကြောင်း သိရ၏။

ဝတ္ထုသဘောနှင့် ပြဇာတ်သဘောတို့မှာ မတူကြပေ...။ စိတ်ကူး ဉာဏ်ရှိသလောက် ဝတ္ထုတွင် ကွန့်နိုင်လွန့်နိုင်သော်လည်း ဇာတ်စင်ပေါ် တွင် လုပ်၍မဖြစ်သော အချက်များ ရှိကြ၏။ သို့ရာတွင် မြန်မာပြည်၏ ချို့တဲ့နေသေးသည့် ခေတ်အရ၊ လုပ်သင့်လုပ်ထိုက်သမျှကိုပင် လုပ်မပြ နိုင်သည်မှာကား တကယ်စေတနာထားသူများအဖို့... အားမရစရာကြီး ပင် ဖြစ်တော့သည်။ သို့ဖြစ်ရာ... ချစ်တော့ ချစ်တယ် ပြဇာတ်ကို ကြည့် လိုက်ရသူများသည် ယခုဝတ္ထုကို ဖတ်သည့်အခါတွင် ဝတ္ထုနှင့်ပြဇာတ် မှုအားဖြင့် တူညီကြသော်လည်း ပြဇာတ်တွင် မည်သို့မည်ပုံ ပြုပြင်ထား သည်ကို တွေ့ရှိကြရမည်ဖြစ်ပေကြောင်း။

ငွေဥဒေါင်း

၂၂-၁၁-၄၉

❑

mgyoe.com

mgyoe.com



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ချစ်တော့ - ချစ်တယ်

## သုခ - ရေးသည်၊
## (၁၂၉၂ - ခုနှစ်)

*ကမ္မာသတ္တေ၊ ဝိပဇ္ဇတိ၊

သတ္တေ၊ သတ္တဝါတို့၌၊ ကမ္မာ၊ ကံသာလျှင်၊ ဝိပဇ္ဇတိ၊ ဖန်တီး စီမံလေ၏။

ဒေသနာအကျိုး မှန်စွာညီသကဲ့သို့၊ ဟံသာဝတီ ပခိုး (ပဲခူး) နယ်အစုန်၊ ကိုးဆယ့်နှစ်ခု မြေလှုပ်တာကြောင့်...၊ အခြေပြုတ်ခါတိုက်အများပြို၍ ကိုက်ဝါးသလို သေအောင် ညှစ်ကြသဖြင့် အသေကောင် ဖြစ်ရတာက – နှစ်ထောင်ကျော် စာရင်းအရ...။

အထက်ပါလင်္ကာမှာ ဆိုခဲ့သော ၁၂၉၂ ခုနှစ်က စာရေးဆရာတစ်ယောက်၏ အမှတ်တရ လင်္ကာတစ်ခုဖြစ်၏။ အမှတ်တရလည်း ဖြစ်လောက်ပါပေသည်။

၁၂၉၂ ခုနှစ်။ နယုန်လတွင် မြန်မာပြည်ရာဇဝင်၌ မကြုံစဖူး... အထူးအံ့ဘနန်း ခပ်ကြမ်းကြမ်း သဘာဝ အစွမ်းပြလိုက်လေသည်။

---

* ကမ္မေ သတ္တေ ဝိဘဇတိ ယဒိဒံ – ဟီနပ္ပဏီတတာယ (မ၊ ၂၊ ၄၁၂)

mgyoe.com

ပဲခူးမြို့နယ်တစ်နယ်လုံး အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်အောင် ငလျင်ကြီး တုန်လှုပ်ခဲ့လေသည်။ တောနယ်များတွင် မြေကြီးတွေ ကွဲ၍ အထဲမှ မီးလျှံများပင် ထွက်ပြူခဲ့သည်။

ကမ္ဘာ့ရာဇဝင်အရ ဂျပန်၊ အီတလီ၊ ဘော်လကန်၊ ပြည်များ၌ မြေငလျင်နှင့်မီးတောင် ပေါက်ကွဲမှုကြောင့် မြို့ကြီး ပြကြီး ရွာသိမ်–ရွာငယ်များ ပျက်စီးကာ – လောက ငရဲတမျှ ခံစားရကြောင်း တွေ့ဖူး ကြားဖူးခဲ့ကြရသည်…၊ မြန်မာပြည်သည် ကမ္ဘာ့နိယာမ–သဘာဝနိယာမ တို့မှ ရှောင်ကွင်း၍ အေးငြိမ်းချမ်းသာခဲ့ကြပေသည်ဟု ထင်မှတ်နေကြခဲ့ ရာမှ… ယင်းသည့်နှစ်တွင် ပဲခူးရွှေမောဓော – ကိုယ်တော်ကြီး မြေသို့ တစ်ပိုင်းခ ရသည်အထိ မချိမဆံ့ဖြစ်ပျက်ခဲ့ရသည်။

ပဲခူးမြို့ပေါ်တွင် တိုက်ကြီး တိုက်ကောင်းများပင် အုတ်မြစ်က ပြုတ်၍ ရုတ်တရက် ပြိုကြခြင်းဖြစ်လေရာ… မြွေပူရာ ကင်းမှောင့်ဆိုသော စကားကဲ့သို့ အိမ်ပြိုအိမ်ပျက်များက မီးသင့်ကူးစက်လာပြန်သောကြောင့် မြွေကိုက် ကျားစားခံရသလို မြို့သူမြို့သားအားလုံး အတော်ကသီလင်တ ဖြစ်ခဲ့ကြရသည်။

အိမ်မဲ့ရာမဲ့၊ သားကွဲ သမီးကွဲ၊ ဖအေသေ၊ အမေဆုံး၊ အပူလုံး ကြီး တွေ့ကြုံကြရသော လူအများမှာ မရေမတွက်နိုင်အောင် ရှိကြသည်။ အော်ဟစ်ငိုယို ပရိဒေဝတောက်လောင်သော အသံတို့သည်လည်း ကောင်း၊ လူပျောက်ကို အော်ခေါ်ရှာဖွေကြသော ပူဆွေးသံများသည် လည်းကောင်း တစ်မြို့လုံးအား ငရဲပြည်ကလေးတမျှ ဆူညံချောက်ချား စေတော့၏။

အိမ်ခြေပျက်ပြား၍ စားရမဲ့ သောက်ရမဲ့… ဖြစ်သော ဒုက္ခိတများ မှာလည်း ရာလိုက် – ထောင်လိုက် – အစုလိုက် အပုံလိုက် – မရှုမလှ ပေါ်ပေါက်နေတော့ရာ မြို့အသီးသီးမှ ပစ္စည်းချမ်းသာသော စေတနာရှင်

mgyoe.com

mgyoe.com


မျိုးချစ် ပုဂ္ဂိုလ်ကြီးများက လာရောက်၍ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အဝတ်အစားတို့နှင့်တကွ ကူညီလှူဒါန်းကြရလေသည်။

တိုက်ပြိုအိမ်ပျက် – ငလျင်ကြီးဒဏ်ချက်ကြောင့် လူကြီး လူငယ် ဘာသာမရွေး အနာတရ မရှုမလှခံစားကြရသူပေါင်းများစွာဖြစ်သောကြောင့် အစိုးရဌာနကျန်းမာရေးဌာနများနှင့်ပင် မလုံလောက်နိုင်သဖြင့် စေတနာ့ဝန်ထမ်း သူနာပြုအသင်းအဖွဲ့ပေါင်းများစွာက လာရောက်ပြုစုကုမကြသည့်တိုင် လူနာနှင့် ကုမသူ – မမျှတသည့်အလျောက် တဟာစ်ဟာစ် တအော်အော်၊ တကြော်ကြော်ညည်းညူရင်း မချိမဆံ့ဘဝပြောင်းကြရသူများလည်း အများအပြားပင် ဖြစ်တော့သည်။

စေတနာသဒ္ဓါတရားထက်သန်ကြသူများအနက် ရန်ကုန်မြို့ သူဌေးကြီး ဦးဘလွင်၏ ဂုဏ်သတင်းကား... သတင်းစာအစောင်စောင်တို့တွင် နေ့စဉ်ရက်ဆက် ဆက်လက်ချီးကျူး၍ မဆုံးအောင်ရှိတော့၏။ ပဲခူးမြို့တစ်မြို့လုံးကလည်း သူဌေးကြီးဦးဘလွင်ဆိုသူအား လူကိုမြင်ဖူးသူ နည်းပါးသည့်တိုင်အောင် သတင်းစကားကြောင့် အားထားမှီခိုရာ စေတနာ့ရှင်ကြီးတစ်ဆူဟု အသိအမှတ်ပြုခဲ့ကြလေသည်။

မြို့ပြင် ကွက်လပ်ကြီးတစ်ခု၌ ယာယီခနိုမိုး – တဲတန်းလျားကြီးတို့ကား ဒုက္ခိတမြို့သူမြို့သားတို့အတွက် ခိုလှုံရာ စခန်းဆောက်ပေးခြင်း၊ အစားအသောက် ကျွေးမွေးခြင်း၊ အဝတ်အစားပေးကမ်းခြင်း၊ ဆေးဝါး ကုသခြင်းဟူ၍ စည်းစနစ်တကျ ဌာနအသီးသီးခွဲခြား၍ တစ်နေ့လျှင် ငွေတစ်ထောင်ကျော် အကုန်ခံကာ – ပေးကမ်းရက်ရောနိုင်သည့် စေတနာမှာ ကျော်စောသည်ကပင် နည်းပါးပေသေးသည်။ အကူအညီခြေသည်းလက်သည်းတို့နှင့် အားမရမှု၍ ကိုယ်တိုင်ကိုယ်ကျ လိုက်လံကြည့်ရှုရသော အလုပ်ပင်လျှင် နေ့စဉ်နှင့်အမျှ မှန်ကန်လှခြင်းကြောင့် ငွေကြေးအကုန်ခံသည်ထက် ကရုဏာကြီးမားသော ဖွဲ့မြဲကိုပင် လူတိုင်း

mgyoe.com

mgyoe.com


လူတိုင်း ချီးမွမ်းစရာ ကြည်ညိုစရာ ဖြစ်တော့သည်။

အများအားဖြင့် မြန်မာသူဌေးသူကြွယ်တို့မှာ အလှူအတန်း ရက်ရောသည်ဟု ပြောစရာရှိအောင် များပြားသည်ကား မှန်၏။ ၎င်းတို့၏ နာမည်ကမ္ပည်းတို့မှာ ကျောင်းတိုက်ကြီးများ၊ ဘုရားတန်ဆောင်းကြီးများ၊ စေတီပုထိုးတော်များ၌ တွေ့နိုင်ကြပေသည်။ စင်စစ်အားဖြင့် လှူဒါန်းသူ၏နာမည်မှာ မတိမ်ကော – မပပျောက်နိုင်လောက်သော အဆောက်အဦတို့၌သာ တည်ရှိစေချင်ကြသည်။ ပွဲပြီးမီးသေ–ဖြစ်သော ဤကဲ့သို့ အရေးပေါ် ဝတ္တရားများ၌မူကား ကျောင်းကြီးဆောက်သလောက်၊ ဘုရားတည်သလောက် မရက်ရော မစွန့်လွှတ်နိုင်ကြသည်သာ များလှသည်။

သူဌေးကြီး ဦးဘလွင်၏အမည်မှာ ကျောင်းကန်ဘုရားများ၌ တွေ့ရသည်ထက် ချို့ငဲ့သော စာသင်ကျောင်းများတွင် လှူဒါန်းထည့်ဝင်ခြင်း၊ ဗဟိုရ်ဆေးရုံကြီး၊ စိတ္တဇဆေးရုံ၊ သားဖွားရုံ၊ ကုဋ္ဌနူနာရုံတို့အား လစဉ်ထောက်ပံ့ခြင်းနှင့် ယခုကဲ့သို့ အရေးပေါ် ဒုက္ခအန္တရာယ်များအတွက် နာမည်မပေါ်ဘဲ... အကုန်အကျခံခြင်းက ပိုမို၍များပြားလေသည်။

အသက်အရွယ်မှာ သုံးဆယ်ကျော် လေးဆယ်နီးပါးခန့်ရှိ၍ အသောက်အစားကင်းသော ဥပမိမျက်နှာမျိုးဖြင့် တည်ကြည်ခံ့ညားသည့်ဟန် ဣန္ဒြေပိုင်ရှင် ဖြစ်လေသည်။ ဆွေထောက်မျိုးခံဟူ၍ ဆယ့်နှစ်နှစ်ရွယ် သားကလေး တစ်ယောက်သာ ထွန်းပေါက်သော မုဆိုးဖိုသူဌေးအရွယ်ကောင်း ဖြစ်ပေ၏။ ကြင်ရာ သက်ထား – မယားငယ်ချစ် ဒေါ်သန်းမြင့်ဟူ၍ တစ်ရည်းစားက တစ်လင်တစ်မယားသာ ချစ်ခဲ့ဖူးသူ လူရိုးကြီး ဖြစ်ခဲ့သည်။ လောကမမ္မတာ နေ့စဉ်အမျှ ဆူပူမောင်းမဲရန်ပွဲမပြတ်ကြသော လင်မယားမောင်နှံမျိုးကိုသာ သေမင်းက ကြည့်ကောင်း၍ ကြည့်နိုင်လျှင် လျစ်လျူပြု၍ ရှုနေတတ်သေးသည်။ လင်နှင့်

mgyoe.com

mgyoe.com


မယားချစ်အားမဝ – ရွှင်ပျကြည်သာ၍ အဖက်ဖက်က – လိုသမျှ ရနေသော ဦးဘလွင်နှင့် ဒေါ်သန်းမြင့်တို့အတွက်ကိုမူ မနာလိုဝန်တို သကဲ့သို့ ရှိလေသည်။

မောင်မြင့်လွင်ဟု သမီးခင်ပွန်းနှစ်ဦး၏အမည်ကိုယူ၍ ချစ်စနိုးစွာ မှည့်ခေါ်ထားသော သားလှရွှေသွေး လူကလေး နှစ်ခါလည်လောက်တွင် ကောက်ကောက်ပါအောင် နိုင့်ထက်စီးနင်း ရှင်သေမင်းက ဖြုန်းခနဲ ဆွဲခေါ်သွားသောကြောင့် လူနှင့် လူချင်းမဟုတ်၍သာ သားကလေးကို ရင်ဝယ်ပိုက်၍ အညှဲခံလိုက်ရရှာလေသည်။

သွားလေသူ ဒေါ်သန်းမြင့်အပေါ်ဝယ် အသက်နှစ်ဆယ်ကျော် အရွယ်မှစ၍ ချစ်ခဲ့သော အတုံးအခဲကို နောက်ထပ်စေ့စပ်ဆက်သွယ် ကြသော ဂုဏ်ရည်တူ မတူ – မိန်းမကြီးငယ် ရွယ်ရွယ် လတ်လတ်တို့ အပေါ်သို့ မလွှဲမပြောင်း မခွဲမဝေရက်တော့ဘဲ သားကလေးအပေါ်သို့ သာ လွှဲပြောင်းစုပုံလိုက်ခြင်းဖြင့် သား၏မေတ္တာ – မယား၏မေတ္တာ၊ စုဝေးရာ အဆောက်အဦကြီးဖြစ်သွားရှာတော့သည်။

"ဖေဖေ... ဒီတဲကြီးတွေမှာ ပွဲခံနေသလားဟင်..."

"အို... မဟုတ်ဘူး သားရဲ့... လူတွေဒုက္ခဖြစ်နေလို့၊ ခဏနေရ အောင်ထားတာ"

"ဒုက္ခဆိုတာ... ဘာလဲဟင်..."

"ဒုက္ခဆိုတာ – မစားရတာ – မသောက်ရတာ မကျန်းမာတာတို့ ပေါ့ကွယ်..."

"သားတို့မှာတော့ ဒီလိုဒုက္ခတွေ မရှိပါဘူးနော်"

ဦးဘလွင်သည် – လက်တွဲလျက်ပါလာသော မောင်မြင့်လွင်ကို ခပ်ပြုံးပြုံးငုံ့ကြည့်လိုက်မိသည်။ သားခမျာမှာ ယနေ့အထိ ဒုက္ခ၏ သဘောကို... ကိုယ်တွေ့ မကြုံခဲ့ရသေးသဖြင့် ၎င်းအရသာကို မခံစား

mgyoe.com

mgyoe.com


ခဲ့ရ။ အသက်နှင့်အမျှ ထိုဒုက္ခမှ လွတ်ကင်းပါစေဟုလည်း ကျိတ်၍ ဆုတောင်းမိရှာသည်။

ဦးဘလွင်နှင့် မောင်မြင့်လွင်သည် အစားအသောက် အဝတ်အထည်တို့ကို ဝေငှရာဘက်သို့ – အလစ်အလပ် မရှိရအောင် လှည့်လည်ကြည့်ရှုခဲ့ပြီးလျှင်... လူနာများထားရာ ယာယီတန်းလျားဘက်သို့ ကူးခဲ့ကြရလေသည်။

"ကြောက်ပါပြီ – ဦးလေးရဲ့ ကြောက်ပါပြီ... အမယ်လေး ခိုးပါတော့မယ် ဦးလေးရဲ့" ငယ်သံပါအောင် အော်လိုက်သော ကလေးငယ်တစ်ယောက်၏အသံမှာ လူနာ တဲတန်းလျားက ထွက်ပေါ်လာလေ၏။ ဦးဘလွင်သည် သားကလေးကို လက်တွဲကာ... ထိုတဲဘက်သို့ ခပ်သွက်သွက်– လျှောက်ခဲ့လေ၏။ အိပ်ရာကလေးတစ်ခုပေါ်တွင် သတိမေ့နေရာက လန့်၍ အော်လိုက်ဟန်တူသော သူ့သားနှင့် မတိမ်းမယိမ်း ယောကျ်ားကလေးတစ်ဦးကို တွေ့ရလေသည်။ မောင်မြင့်လွင်သည် ထိုသူငယ်ကို ကြည့်ရင်း ဖခင်ကြီး၏လက်များကို ခပ်တင်းတင်းကလေးဆုပ်ထားမိလေသည်။

"ဒီသူငယ်ကလေး... အခုထက်ထိ... သတိ မရသေးဘူးလား..." ဟု သူနာပြုတစ်ယောက်ကို မေးမြန်းလိုက်သည်တွင် အနားက လူက မချိပြုံးကလေးပြုံးရင်း အရှိအသေ ပြုလိုက်လေသည်။

"မရသေးဘူးခင်ဗျာ့... အဲသလိုပဲ... ထ – ထ – ပြီး – အော်တတ်တာပဲ ရှိတယ်..."

"သူ့ဆွေမျိုးမိဘတွေများကော – မပေါ်သေးဘူးလား"

"အခုအချိန်အထိတော့ ဘယ်သူမှ မလာကြသေးပါဘူး။ မိဘတွေပါ သေကုန်ကြပလား မသိဘူး။ ရပ်ရှင်ရုံပြိုကျတဲ့အထဲက သူ့ကို နောက်ဆုံးတွေ့တာပဲ"

mgyoe.com

mgyoe.com


"အခုနတော့... ဦးလေးကို... တ, အော်တာ ကြားလိုက်မိတယ်"

"ဟုတ်ကဲ့... ဦးလေးကို ကြောက်ရပုံ လက္ခဏာရှိပါရဲ့... ခိုးပါ့မယ် လို့လည်း ယောင်တတ်တာပဲ သူ့ဒွေးရဲ့..."

"အင်း... ရုပ်ရှင်ကြည့်ရင်း ထင်ချင်ရာတွေ ထင်နေတာ ထင်ပါ ရဲ့ဗျာ..."

ဦးဘလွင်အဖို့ သားချင်းစာ၍ ကရုဏာအတော် ဖြစ်သွားမိသည်။ မိဘမပေါ်ပေါက်သော ဘဝ၌ မိတဆိုး ဖြစ်ရှာသော မိမိသားငယ်နှင့် နှိုင်းစာကြည့်ရလျှင် ဆင်းရဲမွဲတေ၍ အခြေအနေမဲ့ခြင်းက ပို၍ ဆိုးဝါး သည်။ ထိုအထဲတွင် ဝေဒနာခံစားရသေးသည်က အဆစ်ပါသေးသည်။

"သူ့ဆွေမျိုးတွေကို မစုံစမ်းဘူးလား"

"စုံစမ်းရုံတင်မကဘူး... ညနေတိုင်း... မောင်းခတ်ပြီး... ကြေညာ ပါတယ်"

"အင်း... အင်း... ကောင်းတယ်..."

"သနားပါတယ် ဖေဖေရယ်... နော်..."

မောင်မြင့်လွင်က ဖခင်ကြီးကို မော့၍ စကားထဲသို့ ဝင်ပြော လိုက်သည်။

"အေးကွယ်... သနားစရာပေါ့..."

"ဒုက္ခဆိုတာ... အဲဒါကို ခေါ်တာလားဟင်..."

"အေး... အေး... ဒုက္ခဆိုတာ ဒါမျိုးကို ခေါ်တာ"

ဦးဘလွင်သည် သူ့သားကလေး အဓိပ္ပာယ်ပေါ်အောင် ဒုက္ခကို လက်တွေ့ ဥပမာပြလိုက်ရသည်... မောင်မြင့်လွင်မှာ သတိမေ့နေသော သူငယ်ကလေးကိုသာ စိတ်အားထက်သန်စွာ အာရုံပြုနေလေ၏။ ထိုသူ ငယ်ကလေးက အနည်းငယ်တွန့်လိုက်လျှင်... မောင်မြင့်လွင်ကိုယ်တိုင် ကိုယ်ကလေးကို တွန့်လိုက်မိလျက်.... ထိုသူငယ်က ရှုံ့မဲ့လိုက်လျှင်

mgyoe.com

mgyoe.com

လည်း အလိုလိုရှုံ့မဲ့မဲ့ ဖြစ်သွားပြန်လေသည်။

"သူ့မှာ မေမေ မရှိဘူးလား ဖေဖေ..."

ဦးဘလွင်က ခေတ္တကလေး တွေစဉ်းစားပြီးမှ...

"မရှိဘူးသားရဲ့..."

"ဒါဖြင့် ကျွန်တော်နဲ့ တူတယ်နော်..."

ဖခင်လုပ်သူမှာ... ဆတ်ခနဲဖြစ်အောင် တုန်လှုပ်သွားမိသည်... ဘဝချင်းအားဖြင့် ခြားနားနေသည်မှန်သော်လည်း... မိခင်၏မေတ္တာကင်းမဲ့နေသည့်ဘဝအဖြစ်ကား... တူသလိုလို ရှိသည်... တူတော့တူသည်... သို့ပေမင့် တူသည်ဟူသော သားကလေး၏အသံမှာ... မခံမရပ်နိုင်အောင် စိတ်ထိခိုက်မိသည်။

"အို... ငါ့သားမှာ မေမေမရှိပေမဲ့ ဖေဖေအရှိသားပဲ..." ဟု ပြန်ဖြေရင်း သားကလေး၏... ပခုံးနှစ်ဖက်ကို... ခပ်တင်းတင်းကလေး ဆုပ်ကိုင်မိလေသည်..."

"သူ့မှာကော... ဖေဖေ ရှိလား..."

"အခုတော့... မရှိသေးဘူးသားရဲ့"

"ဟင်... ဒါဖြင့်... သူဘယ်သူနဲ့နေမလဲ..."

"ဆွေမျိုးတွေ... လာမှာပေါ့သားရယ်..."

"သနားပါတယ်... ဖေဖေရယ်..."

ဦးဘလွင်သည် စိတ်မချမ်းသာစရာ စကားကိုဖြတ်ခါ အခြားသူနာများရှိရာသို့ ကူးခဲ့လေသည်။ ဖအေလက်ကိုဆွဲ၍... လိုက်ခဲ့ရသော မောင်မြင့်လွင်မှာကား... ထိုသူငယ်ကလေးရှိရာသို့သာ... နောက်ဆံတင်းသလို သမင်လည်ပြန်ကြည့်ရင်း ဖခင်ကြီးဆွဲရာပါခဲ့လေသည်။ အခြားတစ်နေရာသို့ ရောက်ခဲ့သော်လည်း... မောင်မြင့်လွင်မှာ ထိုသူငယ်ကလေးအကြောင်းကို စပ်စုလျက်ပင်ရှိသေးသည်။

mgyoe.com

mgyoe.com


"ဖေဖေ… ဟိုကောင်လေးကို ဘယ်သူ ထမင်းကျွေးမလဲဟင်…"

"ဖေဖေတို့က ကျွေးတာပေါ့သားရဲ့"

"နောက်တော့ကော…"

"နောက်တော့ သူ့ဆွေမျိုးတွေ ကျွေးမှာပေါ့…"

"သူ့မှာ – အမေလည်း မရှိ ဖေဖေလည်းမရှိ ဆွေမျိုးတွေလည်း မရှိဘူးဆို မရှိရင် ဘယ်သူက… ကျွေးမလဲ… သူ ထမင်းစားရတော့မှာ မဟုတ်ဘူး…"

ဦးဘလွင်သည် အဖြေမပေးနိုင်ဘဲ ခပ်ငေးငေး ဖြစ်သွားတော့သည်။ ထိုသူငယ်ကလေး၏ နောင်ရေးမှာ မိုးကုပ်စက်ဝိုင်းကိုမျှော်ရသလို ခပ်လှမ်းလှမ်းနှင့်ပင် အစပျောက်နေလေပြီ၊ ဥမမည် စာမမြောက်… အချိန်အရွယ် မရောက်သေးသော စကောစကအရွယ်သည်… ရှေးရှုအပ်သော လူ့စည်းဝိုင်းအတွက် အရေးအကြီးဆုံး… အခိုက်အတန့် ဖြစ်လေသည်။ ထိုအရွယ်မျိုးမှာ… ရွှံ့စေး ဖယောင်းပုတို့နှင့် ဥပမာတူရကား လူဆိုးလူယုတ် ဘဝအဖြစ်သို့လည်းကောင်း၊ လူကောင်းလူတော် အဖြစ်သို့လည်းကောင်း ပုံသွင်းရာဖြစ်လာနိုင်သည့် ပဒေသာဘဝမျိုး ဖြစ်လေသည်။ ပတ်ဝန်းကျင်သည် ထိုအရွယ်မျိုးကိုပိုမို၍ ဘဝသက်တမ်း အတွက် ဖန်တီးနိုင်အားရှိကြောင်း ဦးဘလွင်စဉ်းစားမိလေ၏။

"သူ့ကို သားတို့ အိမ်ခေါ်ခဲ့ပါလား ဖေဖေရယ် သနားပါတယ်"

"ဟင်…"

"သူ့မှာ နေစရာမှ မရှိတာ"

"သူက လိုက်ဦးမှကိုကွ… ငါ့သားကလဲ…"

"မလိုက်ရင် ဘယ်သူနဲ့ နေမလဲ"

"ဒါတော့ ဖေဖေ မသိဘူး"

မောင်မြင့်လွင်သည် သူ့အဖေ၏ဖြေပုံကို အားမလိုအားမရ ဖြစ်

mgyoe.com

mgyoe.com


သွားလေ၏။ သူ့အတွက်ကား ကလေးငယ်တစ်ယောက်ကို ကောက်ကာ ငင်ကာ ခေါ်ယူသွားခြင်းသည် ဘယ်လောက်မှ အပန်းမကြီး၊ ဘယ်နည်းနှင့်မှ မခက်ခဲဟု အယူရှိဟန်တူသည်။ အမှန်စင်စစ်ကတော့ မောင်မြင့်လွင်သည် ကစားစရာအရုပ်ကလေးတစ်ခုကို အပိုင်ယူချင် ၍ ပူဆာသလောက်သာ သဘောထားမိသည်။

"အိမ်မှာ လာနေရင်တော့... သားနဲ့အဖော်ရမှာပဲ၊ ကျောင်းသွားရင်လည်း အဖော်မရှိလို့ သားတော့ အားကြီးပျင်းတာပဲ၊ အိမ်မှာ နေရင်လည်း ကစားစရာ – သူငယ်ချင်းမရှိဘူး။ နောက်ပြီးတော့ နောက်ပြီးတော့လည်းလေသူများမှာ ညီအစ်ကို ဆိုတာတွေရှိတယ်၊ သားမှာတော့ ညီအစ်ကိုလည်း မရှိဘူး..."

မောင်မြင့်လွင်က နွဲ့ဆိုးသံကလေးနှင့် ပြောလိုက်သောအခါ ဦးဘလွင်က ငုံ့ကြည့်ရင်း... ရယ်လိုက်မိသည်...။ ဟုတ်တော့ ဟုတ်သည်...၊ သူ့သားကလေးမှာ... ကစားဖော်မျှပင် မရှိ... နေရထိုင်ရသည်မှာ ဆင်းရဲသားရပ်ကွက်မဟုတ်၊ အိမ်နီးချင်းမရှိသော ခြံပိုင် – ဝင်းပိုင်ဘဝ၌ သားကလေးမှာ တိုက်ပေါ်မှ ပန်းဥယျာဉ်၊ ပန်းဥယျာဉ်မှ တိုက်တွင်းသို့သာ ခရီးနယ်ကျယ်ခဲ့ရရှာသည်။ ဆင်းရဲသားကလေးများလို ထွေးရောယှက်တင် တစ်အိမ်ဝင် – တစ်အိမ်ထွက် လည်ပတ်ရမည့်ဌာန မရှိ၊ အဖော်မရှိ ငုံးတိတိအဖြစ်ကို စဉ်းစားမိလေသည်။

အဖော်မဲ့သော ကလေးလောကသည် မည်ရွေ့ – မည်မျှ ခြောက်သွေ့ကြောင်း ငယ်စဉ်က ကိုယ့်အဖြစ်နှင့် ကိုယ်ချင်းစာကြည့်မိလေ၏...။ ဒုက္ခိတပေါင်း... အရာအထောင်ကို ကယ်တင်ကျွေးမွေးခဲ့နိုင်သော မိမိအခြေအနေအရ သားကလေးအတွက် တောင့်တပူဆာရာဖြစ်သော အညတရကလေးငယ်တစ်ဦးကို ကောက်ယူကျွေးကာ မွေးမြူရခြင်းအတွက် အင်းခွေးကြီးတစ်ကောင်လောက်မှ တာဝန်ကြီးလှသည်မဟုတ်။

mgyoe.com

mgyoe.com


သားငယ်အတွက် ကစားစရာ အရုပ်ကလေးတစ်ခု ဝယ်ပေးရသလောက်သာ ရှိချေသည်။

* * *

"ဖေဖေ ဖေဖေ... သူသတိရလာပြီ"

နောက်တစ်နေ့ ဦးဘလွင်တို့ သားအဖအလာတွင်... ထိုသူငယ်ကလေးမှာ သတိရလာခိုက်နှင့် ကြုံသောကြောင့် ကြောက်အားလန့်အားနှင့် ထထိုင်ကာ ငိုယိုနေသည်ကို တွေ့ရသည့်အတွက် မောင်မြင့်လွင်က ဝမ်းသာအားရ ဖခင်ကြီးကို ပြောလိုက်ခြင်းဖြစ်လေ၏။

"ဟော့ သူငယ် မင်း သတိရလာပလား"

ကလေးငယ်သည် ဦးဘလွင်အား ဂရုမစိုက် အမှတ်မထင်ကြည့်လိုက်ပြီးနောက် ဝမ်းနည်းပန်းနည်း ငို၍သာ နေရှာတော့သည်။

"ဟော့ကောင်... မငိုနဲ့ကွ။ မင်းနေကောင်းတော့မှာပဲ" ဟု မောင်မြင့်လွင်က အိပ်ရာအနားသို့ ကပ်သွားကာ... အားပေးရှာလေသည်။ အညတရသူငယ်သည် ဝတ်ကောင်းစားလှနှင့် တသွေးတမွေးဖြစ်သော မောင်မြင့်လွင်ကို ကတုန်ကယင်နှင့် ကြည့်နေရာက။

"ဦးလေး... ဦးလေး... ကျွန်တော့်ဦးလေးကော... ဦးလေး ဘယ်မှာလဲ" ဟု တစ်ဦးတည်းသော အားကိုးခင်တွယ်ရာကို တောင့်တလိုက်ရှာသည်။

"မင်းမှာ ဦးလေးပဲ ရှိသလား။ အဖေနဲ့ အမေကော မရှိဘူးလား"

"မရှိဘူးခင်ဗျ... သေကုန်ကြပြီ"

ကလေးငယ်သည် ဝမ်းနည်းပန်းနည်းပြောရာက အသံထွက်အောင် ငိုချလိုက်လေ၏။

"ဟင်... ဘယ်တုန်းက သေကြတာလဲ အခုအတောအတွင်းလား"

"မဟုတ်ဘူး။ ကျွန်တော် ငယ်ငယ်ကလေးတုန်းကတဲ့... ဦးလေး

mgyoe.com

mgyoe.com

ပြောတာပဲ။ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီခေါ်လာကြတာလဲ။ ကျွန်တော့် ဦးလေးဆီ ပြန်ပို့ပါ… နို့မဟုတ်ရင် ဦးလေး ကျွန်တော့်ကို ရိုက်လိမ့်မယ်"

"မင်းဦးလေးက ဘယ်မှာနေသလဲ ပြောရင် ခေါ်ပေးမယ်လေ"

ဤတစ်ခါ ဦးဘလွင်က ကရုဏာနှင့် အနားကပ်၍မေးရင်း… ပခုံးကလေးကို ကိုင်မိလေသည်။

"ဦးလေးနဲ့ကျွန်တော်… ဖိုင်းဂနိုင်းမှာနေတယ်"

ဦးဘလွင်သည် အနားတွင်ရှိသော သူ့အကူအညီ အကျိုးတော်ဆောင်များကို စုံစမ်းကာ မျက်နှာထားနှင့် လှည့်ကြည့်လိုက်လေသည်။ ဦးဘလွင်၏အလိုကို ရိပ်မိသော အကျိုးဆောင်က…

"ဖိုင်းဂနိုင်းထဲမှာ အပျက်အစီးများလို့… လူတွေတောင် မနေတော့ဘူး သူဌေးရဲ့ အဲသည့်အပိုင်းလည်း မောင်းနဲ့ ကြေညာခိုင်းတာပဲ"

ဦးဘလွင်သည် စိတ်မောလက်မောနှင့် သက်မချလိုက်ပြီး –

"မင်းဦးလေးက ဘာလုပ်သလဲ၊ နာမည်က ဘယ်သူတဲ့လဲ"ဟု မေးပြန်သည်။

"ကိုအောင်ဘတဲ့၊ ဘူတာထဲသွားပြီး အထမ်းနဲ့ ထမင်းရောင်းတယ်။ ကျွန်တော်လည်း သူနဲ့အတူ ရောင်းရတယ်"

ထိုစကားများနှင့်ပင် ထိုသူငယ်၏ ဆင်းရဲနွမ်းပါးသော ဘဝကို သိနိုင်ပေပြီ။

"ကဲ… သူ့ဦးလေးနာမည်သိရရင် အဆက်ပေါ်ဖို့ မဝေးတော့ဘူး။ သူ့ဦးလေးကိုယ်တိုင်ကိုပဲဖြစ်ဖြစ်… သူတို့နဲ့ အဆက်အသွယ်ထဲက လူတစ်ယောက်ဖြစ်ဖြစ် လိုက်ပြီး စုံစမ်းကြစမ်း။ တွေ့ရင် တစ်ပါတည်း ခေါ်ခဲ့ကြ…"

ဦးဘလွင်လို သူဌေး… ဒါနရှင်ကြီး၏စကားမှာ… အနားက လူ

mgyoe.com

mgyoe.com


အတွက် ဖင့်နွေးဆုတ်ဆိုင်းစရာ မဟုတ်ပေ။

"ဟော့ကောင်... မင်းငါတို့နဲ့... လိုက်နေမလား ဟင်..." ဟု မောင်မြင့်လွင်က သွေးတိုးစမ်းသလို ထိုသူငယ်ကလေးအား စိန်းစိန်း ကြည့်ရာက မေးလိုက်လေသည်။

သူငယ်ကလေးသည် မောင်မြင့်လွင်၏စေတနာကို ရိပ်မိပုံ မရ... သူ့အားတခြားတစ်နေရာသို့ ခေါ်နေသလို ထင်မှတ်ဟန် လက္ခဏာ ရှိသကဲ့သို့ ခပ်ငေးငေး ခပ်ကြောင်ကြောင် ပြန်ကြည့်နေရှာသည်။

"ဘာ... ဘာပြောတယ်"

"မင်း... တို့နဲ့ လိုက်နေမလားလို့မေးတာ... တို့အိမ်ကိုလေ တို့အိမ် ကို ပြောတာ"

ဦးဘလွင်သည် ကလေးငယ်နှစ်ဦး၏ သဘာဝကို အနားက ရပ်၍ ဂရုပြုမိ၏။

"မင်းအိမ်က ဘယ်မှာလဲ"

"တို့အိမ်က ရန်ကုန်မှာပေါ့"

"မင်း ရန်ကုန်မှာ ဟုတ်လား မင်းတို့ ဒီပဲခူးက မဟုတ်ဘူးလား"

သူငယ်ကလေးက အံ့အားသင့်စွာ မောင်မြင့်လွင်ကိုမေးရာက ဦးဘလွင်ကိုပါ ထပ်၍ အကဲခတ်သလို မော့ကြည့်နေရှာသည်။ ဦးဘလွင်က ထိုသူငယ်ကလေးအား အပြုံးကို ရှေးရှုကာ တတ်အား သမျှ နှစ်သိမ့်အားပေးလိုက်လေသည်။

မောင်မြင့်လွင်က ကြွားပြုံးကလေးပြုံးပြီး သူငယ်ကလေးအား ခေါင်းခါပြလိုက်ပြီး...

"တို့က ရန်ကုန်မှာ နေတာကွ... မင်းရန်ကုန်ကို မရောက်ဖူးဘူး လား"

"ရောက်တော့ ရောက်ဖူးတယ်။ ငါအိမ်က ထွက်ပြေးတုန်းက"

mgyoe.com

mgyoe.com

သူငယ်သည် သူ့စကားကို သူဖြုန်းခနဲ ရပ်ပစ်လိုက်လေသည်။ ထိုစကားကို အစအဆုံးပြောရမှာ ရှက်သလိုလို ကြောက်သလိုလို မျက်နှာထားကလေး လျှပ်စစ်ပြက်သလို လက်ခနဲ ပေါ်ပေါက်သွားသည်။ သို့သော် မောင်မြင့်လွင်နှင့် ဦးဘလွင်တို့၏ မျက်နှာထားများက သူထင်သလို ပြောင်းလဲခြင်းမရှိသောကြောင့်သာ စိတ်သက်သာရာ ရသွားပုံမျိုး ရှိတော့သည်။

"တို့က သူဌေးကွ ပိုက်ဆံအများကြီးရှိတယ်။ မင်းထမင်းလည်း ကောင်းကောင်းစားရမယ်... ကစားစရာတွေလည်း ပြည့်လို့ ဘိုင်စကယ်လည်း ရှိတာပဲ"

"ငါ့ဦးလေးက ရိုက်မှာ ကြောက်တယ်ကွာ..."

မောင်မြင့်လွင်က စိတ်ပါလက်ပါ ပြောနေသလောက် သူငယ်ကလေးက စိုးရိမ်သောက အနှိပ်စက်ခံရသလို ခပ်ရွံ့ရွံ့ကလေး ခေါင်းခါပြရှာသည်။ သူ့အတွက် မျှော်မှန်းတမ်းတရာ ဘဝသစ်သို့ လှမ်းချီရမည်မှာ လွတ်လွတ်ကင်းကင်း မရှိရှာသေးပေ။ မောင်မြင့်လွင်မှာကား သူ၏ လိုဘမအောင်မြင်သဖြင့် ဝမ်းနည်းအားလျော့သွားလေ၏။

ထိုအတွင်း ဦးဘလွင်အမိန့်အရ အရှာလွှတ်လိုက်သူနှင့် မိန်းမခပ်ကြီးကြီးတစ်ယောက် ပါလာလေသည်။ အောက်တန်းခပ်ကျကျ အဝတ်အစားပေါ်တွင် အလုပ်နှင့် လက်မပြတ်မှ စားရသောက်ရသောကြောင့် လူလောက ဒဏ်ချက်တွေဖြစ်သော ဇရာရုပ်သည် အသက်နှင့်မမျှအောင် ပိုမိုရင့်ရော်ကြမ်းတမ်းရုံမျှမက အသားအရေပါ မွဲခြောက်ခြောက် အသွေးရှိရှာလေသည်။

"ဒါ ခင်ဗျားရဲ့ တူကလေးလား"

"မဟုတ်ပါဘူး သူဌေးမင်းရယ် သူ့အကြောင်းပြောရအောင် ကျွန်မလိုက်လာတာပါ ကျွန်မက သူတို့နဲ့ အိမ်နီးချင်းပါ" ဟု ပြောပြောဆိုဆို

mgyoe.com

mgyoe.com


နှင့် ကလေးငယ်ကို ကရုဏာမကင်းသလို လှမ်းကြည့်လိုက်ရာ သူငယ်ကလေးကလည်း လူရင်းတစ်ယောက်ကို တွေ့ရသဖြင့် အားတက်သွားရှာသည့် လက္ခဏာနှင့် ဖြုန်းခနဲထ, လိုက်ရာ ဒဏ်ရာကြောင့် မဆောက်တည်နိုင်ဘဲ ပြန်၍လဲသွားရှာလေ၏။

"အို... မထနဲ့ – မထနဲ့ ဒီလိုပဲနေပါကွယ်"

"အဒေါ် ကျွန်တော့်ဦးလေးကော ဟင်"

မိန်းမကြီးက ဖြုန်းခနဲ ပြန်၍ မဖြေ... ဦးဘလွင်ကိုသာ မော့၍ကြည့်လိုက်သည်။

"သူ့ဦးလေးဆိုတာကို တွေ့ချင်လို့ ကျွန်တော် အခေါ်ခိုင်းလိုက်တာပဲ"

"သူ့ဦးလေးများ မရှိကြတော့ဘူး.. ပြောင်းပြေးကုန်ကြပြီ"

မိန်းမကြီးက မဖြေချင့်ဖြေချင် ဖြေလိုက်ရာ သူငယ်ကလေးက ဝမ်းနည်းပက်လက်နှင့်...

"ဟင် ဦးလေး... ဦးလေး... ကျွန်တော့်ကို မခေါ်တော့ဘူးလား" ဟု ငိုကြွေးနေတော့သည်။

ဦးဘလွင်က သက်မ, တစ်ချက် ချလိုက်ပြီး ထိုသူငယ်အနားက ခွာခဲ့သည်။ မိန်းမကြီးကို အဝေးရောက်မှ လှမ်း၍ မျက်ရိပ်ပြလိုက်ပြီး အကြောင်းချင်းရာကို ပြန်၍ မေးမိပြန်သည်။

"သနားစရာကလေးပါ သူ့ငွေးမင်းရယ် ဒီသူငယ်ကလေးမှာ မိဘလည်း မရှိရှာဘူး။ သူ့ဦးလေးလုပ်တဲ့ လူကလည်း အရက်သမား။ သူ့အဒေါ်ဆိုတာကလည်း သူ့ဘက်ကမှမဟုတ်ဘဲကလား၊ တူချင်းသားချင်းဘယ်စာလိမ့်မတုန်း။ ဒီအရွယ်ရောက်လာလို့ ကျောင်းတောင်မှ ထားပေးဖော်မရဘူး၊ ရထားမှာ ထမင်းထုပ် လိုက်အရောင်းခိုင်းတယ်။ ဒီကြားထဲမှာ ဦးလေးကိုယ်တိုင်က ဟောဲဟော့ရမ်းရမ်းနဲ့ အကစားကလည်း ဖက်

mgyoe.com

mgyoe.com


သေးတော့ သူလုပ်သလို ကလေးကို အလုပ်ခိုင်းတယ်။ သူ့အလုပ်က ရထား ဘူတာထဲ ထမင်းရောင်းရင်း ခါးပိုက်နှိုက်တန် နှိုက်တယ်။ ထွက်ခါစ ရထားပေါ်က ခရီးသည်ရဲ့ ပစ္စည်းကိုရလောက်ရင် ဆွဲပြီး ဆင်းပြေးတယ်။ ဒါမျိုးတွေ ကလေးကိုပဲ အလုပ်ခိုင်းတာပေါ့၊ သူငယ် ကလေးက သူတို့နဲ့ မနေချင်ရှာဘူး။ တစ်ခါနှစ်ခါ ရန်ကုန် ထွက်ပြေး သေးတယ်။ ဒါပေမဲ့ ကလေးကလား သူ့ဒွေးမင်းရယ်။ ဘယ်မှာ အတည် တကျ အသက်မွေးဝမ်းကျောင်းတွေ့မလဲ။ ရန်ကုန်မှာ နေမဖြစ်ပြန်တော့ ဒုံရင်း ဒုံရင်းပဲ ပြန်ရောက်ရပြန်တာပေါ့။ အဲ... ဒီရောက်လာပြန်တော့လဲ ထမင်းတစ်လုပ်–တုတ်တစ်ချက်ပါပဲ။ သူတို့ခိုင်းတာလုပ်လို့ ခိုးဝှက် ပေးရင်ဖြင့် မျက်နှာသာပေးပါရဲ့"

အဒေါ်ကြီးမှာ သူငယ်ကလေး၏အဖြစ်သနစ်များကို မြိန်ရေ ရှက်ရေ မဲ့ကာရွဲ့ကာ လက်ဟန်ခြေဟန်နှင့် အရင်းတိုင်းဖောက်သည်ချ နေတော့သည်။

ဦးဘလွင်မှာကား မိန်းမကြီးပြောသမျှကို စူးစူးစိုက်စိုက် နားထောင် နေတော့၏။ သူ့အတွက် အထိခိုက်ဆုံး အချက်မှာ ပညာမဲ့ကာ ဆင်းရဲ လှသော အခြေအနေအတွက်မဟုတ်၊ စားရမဲ့ သောက်ရမဲ့ဘဝအတွင်း၌ ကျင်လည်ကျက်စားနေရပါသည်ဟု ပြောခြင်းကြောင့်မဟုတ်။ တစ်ခု တည်းသော ကရုဏာကား ခါးပိုက်နှိုက်အလစ်သုတ် အလုပ်ကို အခါ အခွင့်ရတိုင်း လုပ်နေရသည်ဟူသောအချက်ပင် ဖြစ်တော့သည်။

မှန်ပါသည်။ လူမမည်ကလေးများဘဝအတွက် ဤအချက်မှာ အရေးအကြီးတကာ့အကြီးဆုံးဖြစ်တော့သည်။ ထိုဝါသနာကို စွဲသွားမှာ အလွန်စိုးရိမ်သည်။ ၎င်းအကျင့်မျိုးမှာ ဘိန်းစားထက် အစွဲသန်၍ ပလိပ် ရောဂါပိုးထက် အကူးမြန်လေသည်။

ကလေးအရွယ်က ထိုအကျင့်မျိုးကို ဝါသနာစွဲသွားခဲ့မူ... လောက

mgyoe.com

mgyoe.com


ကြီးတစ်ခုလုံးအတွက် ငြိမ်းချမ်းရေး ရန်သူတစ်ဦး မွေးထုတ်ပေါ်ပေါက် သကဲ့သို့ပင် ရှိချေမည်... ပစ္စည်းမဲ့ခြင်း၊ ပစ္စည်းရှိခြင်း၊ ဗလကောင်းခြင်း၊ ဗလမဲ့ခြင်း၊ ပညာတတ်ခြင်း၊ ပညာမဲ့ခြင်း၊ သူရဲဘောနည်းခြင်း၊ သတ္တိရှိခြင်းတို့မှာ တစ်ခုတည်းသာ တည်ရှိနေကြသေးလျှင် မထောင်းတာလှ...။

သူတစ်ပါး၏ ပစ္စည်းကို တပ်မက်သောဝေဒနာနှင့် တွဲမိလျှင်ကား မှန်းမျှော်၍မမြင်နိုင်အောင် ဆိုးဝါးပေသည်။ သတ္တိနည်းလျှင် ခါးပိုက်နှိုက်၍ သတ္တိကောင်းလျှင် ဓားပြတိုက်တတ်သည်။ ပညာမဲ့လျှင် အလယ်အလတ်တန်း လူစားကို ဒုက္ခပေးသလောက် ပညာတတ်လျှင် အထက်တန်းစားများသာမက... နိုင်ငံရေးဓားပြပင် ဖြစ်နိုင်သေးသည်။

ဦးဘလွင်သည် ထိုသူငယ်ကလေးအဖို့ ထိုရောဂါမျိုးကို နုနုကကုပေးချင်လှသည်။ ရောဂါကိုနုစဉ်က အကုလွယ်သလောက် ရင့်မာလာလျှင် အကုခက်ကြောင်း စဉ်းစားမိသည်။ ပြဆိုခဲ့ပြီးသည့်အတိုင်း ဦးဘလွင်ကိုယ်တိုင်က ခေတ်ကသိုလ်သမားကြီးဖြစ်ရာ ဤသူငယ်ကလေးမျိုးတစ်ယောက်၏ အကျင့်စာရိတ္တကို ပဲ့ပြင်လိုက်ခြင်းအားဖြင့် အမည်ခံ ထုံးစံဂုဏ်ပြိုင် ရှင်သာမဏေပြု၍ မိမိကိုယ်ကို မိမိ ပဗ္ဗဇိတသာသနာ့အမွေခံပါသည်ဟု စေတနာစေတသိက ရှေးရှုမိသည်။

ဦးဘလွင်ထင်မည်ဆိုက အဆိုးမဆိုသာပေ၊ ဗုဒ္ဓဘာသာဟု မိမိကိုယ်မိမိ ဝန်ခံဂုဏ်ယူနေကြသော အချို့ဗမာများအဖို့ ရှင်ပြုပဥ္စင်းခံပေးကြသည်မှာ စေတနာတစ်ဝက်ကျော်ကျော်က ဗမာ့ထုံးစံဟု ယူဆ၍သော်လည်းကောင်း၊ ရှင့်အမပဥ္စင်းအမဟူသော အမည်ကို (ပို၍) ခံယူချင်သောကြောင့်လည်းကောင်း ဖြစ်ကြသည်ကို ဝန်ခံဝံ့သူများထက် ကိုယ့်ကိုယ်ပင် ကိုယ်လိမ်နေသူများက ပို၍ များပြားပေလိမ့်မည်။

ဦးဘလွင်အဖို့ လောကအတွက်သော်လည်းကောင်း၊ သံသရာ

mgyoe.com

mgyoe.com


အတွက်သော်လည်းကောင်း ထိုကလေးငယ်အား ကရုဏာအစစ်ဖြစ်လိုက်မိသည်။ ဘုရားပုထိုးတွေပေါလှသော မြန်မာပြည်မှာ ထိုကသိုလ်ကလေးများအတွက်လည်း ထည့်၍စဉ်းစားကာ သဒ္ဒါတရားရှိကြဖို့ လိုသေးသည်ဟု မှတ်ယူခဲ့သူဖြစ်လေသည်။ ဘုရားပုထိုး ဒါယကာခံလိုသော မြန်မာတိုင်းပင် စေတီပုထိုးကို အစဉ်မရှိသေကြ။ ဘုရားကိုပြ၍ စီးပွားရှာခြင်း၊ ဘုရားကို မှီ၍ စီးပွားရှာခြင်းတို့ကြောင့် မြန်မာပြည်တွင် ဘုရားအသစ်တွေ တည်ကြသလောက် ဘုရားအပြိုအပျက်တွေ များပြားခဲ့လှပြီ။ အကယ်သာလျှင် ဘုရားဆိုဘုရားမှ ကြည်ညိုခြင်း၊ ပူဇော်တတ်ခြင်း ရှိကြပါမူ ဘုရားအသစ်တွေ တည်ကြမည့်အစား ဘုရားအပြိုတွေကို ပြင်ကြဖို့ ကောင်းလှသည်။

"ဟိုဘုရားက... ဟိုပုဂ္ဂိုလ်တည်ခဲ့တဲ့ဘုရားပဲ"

"ကိုယ်က ကိုယ့်ဘုရားကိုယ် တည်မှ"

ဤစကားတွေမှာ ဘုရားအတွက်မဟုတ် ကိုယ့်အတွက် ကိုယ့်လုပ်ငန်းနှင့် ကိုယ့်အမည်အတွက်သာ ဖြစ်ပေလိမ့်မည်။ ဒါကြောင့်သာလျှင် လေးဆူဓာတ်ပုံ ရွှေတိဂုံ အဓိကရကြီးဘေး၌ စေတီကလေးတွေဝိုင်းဝိုင်းလည်နေပြီးလျှင် သာလာယံဇရပ်မဟုတ်သည့် ငါလာရန်ဇရပ်တွေ ပြည့်နေကြခြင်း ဖြစ်တော့သည်။ ကိုယ့်ဇရပ်အတွင်းတွင် ကိုယ့်ပရိသတ်နှင့်ကိုယ် ဥပုသ်စောင့်ကြသည်ဆိုကာ ကိုယ့်ဘုရားမှ ကိုယ်ဆွမ်းတော်တင်ကြခြင်းက သူတို့သူတို့၏ စိတ်ဓာတ်ကို ဖော်ပြနေကြခြင်းဖြစ်တော့သည် မဟုတ်ပါလော။

အနိစ္စ – ဒုက္ခ – အနတ္တကို ငယ်ငယ်ကတည်းက အလွတ်ရခဲ့ကြသော မြန်မာများမှာ ကိုယ့်သား – ကိုယ့်မယား – ကိုယ့်စီးပွားဟု သဘောထားကြရုံမျှမက ကိုယ့်ဘုရား ကိုယ့်ဘုန်းကြီး... ကိုယ့်ဇရပ်တွေ ပါဆင့်၍ အနတ္တလက္ခဏာ ဖွင့်တတ်ကြပေသေးသည်။

mgyoe.com

mgyoe.com


ပရမတ္ထတရားကိုယ်က စေတနာကိုသာ ဟောသည်။ ဦးဘလွင်၏ စေတနာမှာ ဘယ်သူ ဘာပြောပြော သူ့အတွက်တော့ မှန်သည်ထင်ထားသည်။ အကျိုးများသည်ဟု ယူဆထားသည်။ ထို့ကြောင့်ပင် ဘုရားကျောင်းကန်သာပေါ၍ လောကလက်တွေ့ မလုံမလောက်ချို့ငဲ့နေကြသော ဆေးရုံများ၊ စာကြည့်တိုက်များ၊ လူအိုရုံ၊ လူနာရုံ၊ သားဖွားရုံ၊ စိတ္တဇဆေးရုံ၊ မိဘမဲ့ ကလေးများကျောင်း၊ စာရိတ္တပြုပြင်ရေးအဖွဲ့နှင့် မြန်မာစာသင်ကျောင်းများအတွက် မြန်မာစေတနာရှင်များ ရှားပါးခဲ့လေရာ ဦးဘလွင်အဖို့ လူများစုက ကုသိုလ်မပြုသော အဆိုပါ ဌာနများ၌ ပို၍ စိတ်အားထက်သန်ပေသေးသည်။

နောက်တစ်ကြောင်းကလည်း ရှိသေးသည်။ ဦးဘလွင်တွေ့ခဲ့ရသော မြန်မာတိုင်း တစ်ဦးတည်းကိုယ်ပိုင်သာ ကုသိုလ်လုပ်ချင်ကြသည်။ အများကောင်းမှုထဲတွင် ဝင်၍ ထောက်ပံ့ခြင်း၊ အားပေးခြင်း၊ အသက်ဆက်ခြင်း၊ ပိုမို၍ တိုးချဲ့ခြင်းများအတွက် နှောင့်နှေးချင်ကြသည်။

"ဆေးရုံအလှူငွေထဲ ငွေငါးထောင်ထည့်မယ့်အစား ကိုယ့်နာမည်နဲ့ ကိုယ်သက်သက် တစ်သောင်းအကုန်ခံပြီး ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးလှူတဲ့ ဌာနကလေးဖွင့်လိုက်မှာပေါ့တော်" ဟု ပြောသော မင်းကတော်များကို တွေ့ခဲ့ဖူးလေသည်။

ဟုတ်သည်။ ဤအတွေ့အကြုံမှာ ဦးဘလွင်အဖို့ ရိုးနေခဲ့လေပြီ။ တစ်ကိုယ်ကောင်း ကျင့်ကြံချင်သည့် စိတ်များကြောင့် မြန်မာပြည်တွင် မြန်မာကုမ္ပဏီတိုင်းလိုလို ပျက်ခဲ့ရသည်။ မြန်မာအသင်းတိုင်း ဆိုင်းဘုတ်ပျောက်ခဲ့ရသည်။ ယုတ်စွာအဆုံး မြန်မာဘောလုံးအသင်းပင် အရေးကြီးသော ပွဲကြီးပွဲကောင်းတိုင်း ဆုံးရှုံးနိမ့်ကျခဲ့ရသည်။ ကြာသော် နိုင်ငံရေးတွင်ပါ ကူးစက်၍ ရာဇဝင်အတွက်ပါ တစ်ကိုယ်ကောင်း စွန့်ချင်သူတွေ ပေါ်လာခဲ့ရသည်။

mgyoe.com

mgyoe.com


"အဲဒါ… သူဌေးမင်းရယ် တတ်နိုင်မယ်ဆိုရင် ခေါ်သွားပြီး ကောင်းရာ မွန်ရာကိုခိုင်းပါ ဒီသူငယ်ကလေးက အင်မတန်ဖင်ပေါ့ပါတယ်"

မိန်းမကြီး၏ နောက်ဆက်တွဲအသံကြောင့်သာ ဦးဘလွင်သည် တောင်စဉ်ရေမရ တွေးနေရာက သတိပြန်ရခဲ့လေသည်။ မိန်းမကြီးမှာ သူဌေးကြီးက မွေးလိုကြောင်း အရှာခိုင်းလိုက်သူထံမှ တစ်စွန်းတစ်စ သိရှိထားပုံရှိလေရာ ထိုသူငယ်ကလေးအတွက် ကျင်လည်ခဲ့ရသော ဝဋ္ဋဒုက္ခအတွင်းမှ ကင်းလွတ်၍ ကောင်းရာမွန်ရာ ရောက်သွားစေလိုသော သမ္မာဆန္ဒနှင့် ကရုဏာတရားက ဖုံးလွှမ်းနေတော့သည်။

"ကျုပ်ကလည်း ဒါကြောင့် ဆွေမျိုးဆိုတဲ့ လူတွေကို စုံစမ်းခိုင်းလိုက်တာပဲ၊ အခုတော့ သူ့ဦးလေးဆိုတာနဲ့လည်း မတွေ့ရတော့"

"အို ဟိုကောင်က အလေဏာတောပါ၊ သူကြွားလည်း ဝမ်းသာမှာပေါ့။ သူဌေးကြီးတို့ဆီမှာ အစေခံလုပ်ရဦး၊ သူ့ထက်တော့ မိုးနဲ့မြေ၊ ဆီနဲ့ ရေလောက် ကွာဦးမှာပါ"

မိန်းမကြီး၏ လေသံမှာ မျက်နှာကြီးလေပင့်အသံမျိုးဖြစ်သော်လည်း ဦးဘလွင်ကိုယ်တိုင်က ကလေးငယ်၏ တစ်သက်လျာအရေးကို တွေးကာ ယူကျုံးမရ ဖြစ်နေသောကြောင့် ဤကိစ္စကို အထူးစိတ်ဝင်စားနေမိလေသည်။ ဤကလေးငယ်ကို သာသနာပြုပေးချင်သည်။ ဦးဘလွင် ရည်မှန်းသော သာသနာမှာ ပဗ္ဗဇိတ ရှင်သာမဏေ၏ သာသနာမဟုတ်။ မသေမချင်း သင်း၏ အသက်နှင့်အမျှ လူကောင်းသူကောင်းကလေး ဖြစ်သွားကာ ကိုယ့်ပရိယေသနကိုယ် *ဓမ္မိယလဒ္ဓနှင့် စားနိုင်သွားသော လောကီ သာသနာသာလျှင် ဖြစ်တော့သည်။

"ကောင်းပြီလေ သူ့သဘောကို မေးမြန်းကြည့်ရဦးမယ်"

ဦးဘလွင်သည် ထိုမိန်းမကြီးနှင့်အတူ ကလေးငယ်အနားသို့ ပြန်

---

* ဓမ္မိယလဒ္ဓ – တရားသဖြင့် ရအပ်သော (ဥစ္စာ)

mgyoe.com

mgyoe.com


၍ လျှောက်လာခဲ့သည်။ သူနာပြုများနှင့် အလုပ်ဝတ္တရားကျနေသူများ လည်း ဦးဘလွင်၏ အတွင်းစေတနာကို သိထားပြီးဖြစ်သောကြောင့် ထိုသူငယ်ကလေး၏ကံကြမ္မာအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် အနားက လိုက်လံ အကဲခတ်နေကြတော့သည်။

ကလေးငယ်မှာကား ပစ်ထွက်၍ သွားရက်သော ဦးလေး၏ မျက်နှာကို မမြင်ရသဖြင့် ဝမ်းနည်းပက်လက် ငိုကျွေးနေရှာလေ၏။

"မင်းနာမည်... ဘယ်သူတဲ့လဲကွဲ့"

"ကျွန်တော့်နာမည် မောင်တင့်လွင်"

ဦးဘလွင်၏ ကြင်နာစွာသော အမေးကို ထိုသူငယ်က ကြေကွဲစွာ ဖြေဆိုလိုက်လေသည်။

"ဟာ... ကျွန်တော့်နာမည်က မောင်မြင့်လွင်၊ သူ့နာမည်က မောင်တင့်လွင်၊ ဟန်ကျတာပဲ ဖေဖေ၊ ညီအစ်ကိုလိုပဲနော်၊ သားတို့ ကျောင်းမှာလည်းလေ မင်းအောင်တဲ့ မင်းနောင်တဲ့။ ညီအစ်ကို နှစ်ယောက် ရှိတယ်။ သားကိုအားကြီး "စ" ကြတာပဲ။ သိပ်လူပါးဝ ကြတာ။ ကျွန်တော့်မှာများ ညီအစ်ကိုရှိရင်... ခံချမှာပဲ" ဟု မောင်မြင့်လွင် က အားပါးတရ ဝင်၍ပြောလိုက်ပြန်သည်။

"မင်း တို့နဲ့ လိုက်နေမလား ကျောင်းထားပေးမယ်"

မောင်တင့်လွင်ဆိုသူ ကလေးငယ်က အငိုရပ်၍သိမ်မွေ့သော လူကြီးလူကောင်း ဦးဘလွင်ကို အားတက်သရောဖြင့် မော့ကြည့်ရင်း မျက်ရည်သုတ်နေရှာသည်။

"ဟဲ့... တင့်လွင်... နင်လိုက်သာသွားဟဲ့ ကောင်းရာ မွန်ရာ ရောက်မှာ" ဟု အိမ်နီးချင်းမိန်းမကြီးက ဝင်၍ ထောက်ခံလိုက်သည်။

"ဟော့ကောင် လိုက်ခဲ့ပါကွ။ တို့နှစ်ယောက်အတူ ကစားရမှာ ကျောင်းကျရင်လည်း ဟိုကောင်တွေကို ပြန်ချရအောင်"

mgyoe.com

mgyoe.com


မောင်တင့်လွင်က အဖြေတော်တော်နှင့် မပေးသေးဘဲ... မျက်ရည်မစင်သေးသည့် မျက်လုံးကြီးများဖြင့် ပတ်ဝန်းကျင်က ပြောနေသူများ၏ မျက်နှာကို တစ်ဦးပြီးတစ်ဦး လိုက်လံကြည့်ရှုနေတော့၏။

မောင်တင့်လွင်၏အင်္ကျီရုပ်မှာ ဆင်းရဲသောဘဝတွင် တွေ့ရလင့်ကစား တောလေကြမ်းပိုးအသွင်ကို ဆောင်နေခြင်းမတွေ့ရ၊ ကြည်လင်ပြူးကျယ်သော မျက်လုံး၊ ကျယ်ပြန့်သောနဖူး၊ ဖြောင့်စင်းသော နှာတံ၊ ဖြူစင်သော အသားအရေများကြောင့် မိခင်ဘက်ကဖြစ်စေ၊ ဖခင်ဘက်ကဖြစ်စေ အောက်တန်းမကျသော ဇာတိကိုပြသကဲ့သို့ ရှိလေသည်။ ရဲရင့်တည်ကြည်ပုံရသော မျက်နှာမောင်းသည် ကြံ့ခိုင်သော မြန်မာကလေးနှင့်တကွ မောင်မြင့်လွင်ထက် သတ္တိသွေးပိုကြောင်း ဦးဘလွင် ရိပ်မိလေသည်။

"မင်း ဒီမှာနေရင် စာလည်း သင်ရမှာ မဟုတ်ဘူး။ မင်းစာမသင်ချင်ဘူးလား"

"ကျွန်တော် စာသင်ချင်ပါတယ်"

"အေး စာတတ်မှ လူကြီးလူကောင်းဖြစ်တာကွ၊ နို့မဟုတ်ရင် အရက်သမား ဘိန်းစား သူခိုး ခါးပိုက်နှိုက်ဖြစ်သွားတတ်တယ်။ မင်း ဒါမျိုးတွေ ဖြစ်ချင်သလား" ဟု ဦးဘလွင်၏ မေးသံကို နှုတ်ဖြင့်ပင် ပြောဖော်မရ၊ ရှက်ရွံ့သော မျက်နှာကို အောက်စိုက်ငုံ့လိုက်ကာ ခေါင်းကလေးသာယမ်း၍ ပြနိုင်ရှာလေသည်။

"ဒါဖြင့် ငါနဲ့အတူတူ လိုက်နေပါလားကွာ...၊ ငါတော့ မင်းလိုက်နေရင် ပျော်မှာပဲ" ဟု မောင်မြင့်လွင်က တောင်းပန်ခယသော လေသံကလေးနှင့် ဝင်ပြောသောအခါ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ မောင်မြင့်လွင်က ပက်ဖျန်းလိုက်သော မေတ္တာရေယဉ်သည် မောင်တင့်လွင်၏ ပရိဒေဝမီးကို ငြိမ်းသတ်လိုက်သကဲ့သို့ ရှိခြင်းကြောင့် ညှိုးရော်

mgyoe.com

mgyoe.com


နှမ်းလျှ၍ တမ်းတနေသော မျက်နှာကလေးမှာ တဖြည်းဖြည်း ကြည်လင်လန်းဆန်းလာတော့လျက်၊ မိမိလက်ကို လာ၍ဆုပ်ကိုင်ထားသော မောင်မြင့်လွင်၏ လက်ကလေးကိုပင် မိမိက တစ်ဖန်ပြန်၍ ဆုပ်နယ်လိုက်မိတော့သည်။

"အေး... စာသင်ရရင်တော့ ငါလိုက်နေမယ်" ဟု ဝန်ခံရင်း ဦးဘလွင်အား အောက်ကျို့သည့် အမူအရာနှင့် ပြန်ကြည့်လိုက်သော အခါ အိမ်နီးချင်း မိန်းမကြီးနှင့်တကွ.. မောင်မြင့်လွင်ပါ ဝမ်းသာအားရဖြစ်သွားကြလေသည်။

"ဖေဖေ... သူလိုက်နေတော့မယ်တဲ့..."

"အေး... အေး... ဒါဖြင့်... ဖေဖေတို့က... ခေါ်သွားရမှာပေါ့"

"သူ့ဖို့ ကျွန်တော့်လို ဘောင်းဘီ အင်္ကျီအသစ်ကလေးတွေ ဝယ်မပေးတော့ဘူးလား"

"ဝယ်ပေးမှာပေါ့ကွယ်"

"ဟော့ကောင် မင်းဖို့ဝယ်ပေးမယ်တဲ့ ဆရာ၊ ဖေဖေက တို့ဖေဖေက အားကြီးချစ်တာပဲ၊ ငါလိုချင်ရင်လေ ဘာဖြစ်ဖြစ် ဝယ်ပေးတာပဲ"

"မင်းကံကောင်းတာပေါ့ကွာ"

"ခု... မင်းလည်း ကံကောင်းတာပေါ့"

ကလေးနှစ်ယောက်မှာတစ်ခဏချင်း အလွမ်းသင့်သွားကြလေ၏။

* * *

မောင်တင့်လွင်၏ ဒဏ်ရာများမှာ အသက်အန္တရာယ်ရှိလှသည် မဟုတ်ရကား၊ မကြာမီ ကောင်းစွာ သန်စွမ်းကျန်းမာလာခဲ့လေသည်။

"မင်း တို့နဲ့ လိုက်လာခဲ့တာ အားမငယ်နဲ့နော် ကြားလား"

ဤစကားမှာ ဦးဘလွင်က ရန်ကုန်အပြန် မော်တော်ကားပေါ်တွင် ဝတ်ကောင်းစားလှနှင့် မောင်မြင့်လွင် ညာဘက်က ငေးမျှော်လိုက်ပါ

mgyoe.com

mgyoe.com


လာသော မောင်တင့်လွင်အား အားပေးလိုက်သော အသံဖြစ်လေသည်။ ဆွေမတော်မျိုးမစပ် သူစိမ်းသက်သက်ဖြစ်သည်ကို ကောင်းစွာ သိနိုင်သောအရွယ်ဖြစ်သောကြောင့်၊ မောင်တင့်လွင်မှာ အထူးသဖြင့် ရိုရို သေသေနှင့် "ဟုတ်ကဲ့ခင်ဗျာ့" ဟု ခေါင်းကလေးညိတ်၍သာ ပြောလိုက်ရသော်လည်း အမှန်စင်စစ်မှာမူ ဘဝချင်း အတန်းမတူသဖြင့် ဝမ်းနည်းအားငယ်ကာ ခပ်ရွံ့ရွံ့ဖြစ်နေရှာသေးသည်။

မောင်မြင့်လွင်အတွက်မှာကား တွေတွေရာရာ စဉ်းစားစရာလည်း မရှိ ပူစရာဘဝတွင်လည်း မဟုတ်ခဲ့ရသောကြောင့် သူငယ်ချင်းလိုလို ဆွေမျိုးအဖြစ်လိုလို... ဘယ်လိုပဲဖြစ်ဖြစ် ကစားဖော်၊ ကျောင်းသွားဖော်၊ အဖော်တစ်ယောက် ကောက်ရလာခြင်းအတွက် အတော်ဝမ်းသာနေတော့သည်။

သူ့အိမ်၌ မည်မျှပျော်စရာကောင်းကြောင်း မည်ရွေ့ အစားအသောက် ပေါများကြောင်း၊ မည်ပုံ ကျောင်းသွားရကြောင်း၊ ကစားစရာတွေ အမျိုးမျိုးရှိကြောင်းတို့ကို ကလေးဘဝ ကြွားတန်သမျှကြွားပြီး အဆက်မပြတ် တစ်လမ်းလုံးပြောလာခဲ့သည်။ စင်စစ်မှာမူ မိမိဝမ်းသာရသလောက် မောင်တင့်လွင်လည်း ဝမ်းသာစေချင်သည်။ ပျော်မွေ့စေချင်သည်။ ဦးဘလွင်ကား ကလေးငယ်နှစ်ယောက်ကိုကြည့်လျက်။ တစ်လမ်းလုံး နှုတ်ငြိမ်နေခဲ့ရသည်။ ဤသို့နှင့် ကမာရွတ်မှ ကျော်လွန်ခဲ့ပြီး လှျင် ရန်ကုန် နယ်နိမိတ်တွင်းသို့ ကားကြီး ဝင်ခဲ့၏။

ပြည်လမ်းမကြီးရှိ ခမ်းနားလှပစွာ မာလီကုလားများ ပြုစုနေလျက်ရှိသော ပန်းခြံအတွင်းသို့ မော်တော်ကားအရှိန်လျှော့၍ ဝင်လိုက်သောအခါ ခံ့ညားသော အစိမ်းနုရောင် နှစ်ထပ်တိုက်ကြီးတစ်လုံးကို မောင်တင့်လွင်ငေးမောကြည့်မိသည်။

"ဟော့.. ဒါ တို့အိမ်ပဲ ဆရာ... ကဲ... ဘယ်လောက် ပျော်စရာ

mgyoe.com

ကောင်းသလဲ... ဟင်..."

မောင်မြင့်လွင်က ပခုံးကို လှုပ်၍ ပြလေရာ... တင့်လွင်က ပြုံးရုံမျှ ပြုံးပြီး ထောက်ခံသော အမှတ်နှင့် ခေါင်းညိတ်၍ ပြရှာသည်။ တိုက်ဆင်ဝင်အောက်သို့ မော်တော်ကားရပ်လိုက်သည်နှင့်တစ်ပြိုင်နက် တိုက်တွင်းမှ ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်ပြေး၍ သံဘာဂျာတံခါးကို ဖွင့်ကာ ကြိုလင့်သည်။ ထို့နောက် သုံးယောက်လောက် အခန်းတွင်းမှ ပြေးထွက်လာကြပြန်သေးသည်။ တစ်ဦးက ကားတံခါးကို လာ၍ဖွင့်ပေးရသည်။ ကျန်လူများက ကားနောက်ပိုင်းတွင် တင်လာသော ဝန်စည်စလယ်အချို့ကို အလိုက်သိစွာ ယူ၍ ဝင်သွားကြသည်။

"ဟော့ကောင်ဆင်းပါကွ... ဘာကြည့်နေတာလဲ"

မြင့်လွင်က မရဲတရဲဖြစ်နေသော တင့်လွင်ကို ဆွဲခေါ်သည်။ ဦးဘလွင်က ခပ်ပြုံးပြုံးလုပ်ပြလိုက်ခြင်းဖြင့် တင့်လွင်အား ရဲဝံ့စေသဖြင့် ကားပေါ်မှ ဆင်းလိုက်သောအခါ အစေခံများတွင် မိမိတို့ သူဌေးသားနှင့် အရွယ်တူ အပို ပါလာသော တင့်လွင်အား အံ့သြစွာကြည့်မိကြသည်။

မြင့်လွင်က တင့်လွင်၏လက်ကို ဆွဲကာ တိုက်တွင်းသို့ ရဲရဲဝံ့ဝံ့ ပိုင်စိုးပိုင်နင်း ဝင်ခဲ့သည်။ သူ့အဖို့မှာ သူ၏ပျော်မွေ့မင်းမူရာ ဗိမာန်ကြီးပင် ဖြစ်သည်။ နောက်က ပါသွားရသော မောင်တင့်လွင်သာလျှင် ကေသရာဇာ စံမြန်းသော ရွှေဂူတွင်းသို့ ဝင်ရသလိုရှိတော့၏။

"ဟော... ဟိုမှာ... ငါ့ဘိုင်စကယ်လေး"

မြင့်လွင်က အပေါ်ထပ် တက်သည့် ကျွန်းလှေကားကြီးခြေရင်းရှိ ဆိုင်ကယ်ကို ညွှန်ပြသည်။

"ဟိုမှာ ကျောင်းသွားတဲ့ စာအုပ်တွေ"

သစ်လွင်သော မဟော်ဂနီစားပွဲကြီးပေါ်ရှိ စာအုပ်များနှင့်အနားတွင် ချိတ်ထားသော ကျောင်းသွား သားရေ လက်ဆွဲအိတ်ကလေးကို

mgyoe.com

mgyoe.com

ယူ၍ပြပြန်သည်။

"ဟောဒါ က... လေသေနတ်"

"ဒါက ငါပစ်တဲ့ခွလေး မင်းလက်တည့်အောင်ပစ်နိုင်လား"

"ဟောဒါလည်း၊ ငါ့ဘောလုံးပဲ၊ ငါ ပန်းခြံထဲဆင်းကန်တယ်"

"ဟော – ဒါ... ဟောဒါ..."

မြင့်လွင်၏ တစ်ခုစီ တစ်ခုစီ အဆက်မပြတ်။ ဟောဒါ... မှန်သမျှ တင့်လွင်အဖို့ လိုက်၍ လိုက်၍ ကြည့်နေရသည်မှာ တပင်တပန်း ဖြစ်တော့သည်။ ထိုအထဲက သစ်လွင်ခမ်းနားသော အိမ်ထောင်ပရိဘောဂများနှင့် စည်းစိမ်ရှင်တို့၏ အခင်းအကျင်း အခန်းကြီး ပတ်ဝန်းကျင်တို့မှာ တင့်လွင်အတွက် ငေးမောစရာ အံ့သြစရာ ဝမ်းသာစရာများသာ ဖြစ်တော့သည်။

သူ့ဘဝ၏ပတ်ဝန်းကျင်ကား လူသံတွေ ဆူညံ ရှုပ်ထွေးနေသော ဘူတာ၊ ထွက်လုဆဲဆဲ ဖြစ်သော ရထားတွဲများ၊ ထိုကမှတစ်ဖန် ညစ်ပတ်ကျဉ်းကျပ်သော ဦးလေး၏အိမ်... ရှုပ်ထွေးမည်းမှောင်သော မီးဖိုခန်းနှင့် အသာယာဆုံးဖြစ်ခဲ့သည့် ပဲခူးရုပ်ရှင်ရုံမျှသာ ရှိလေသည်။

ဤအခင်းအကျင်းမျိုးမှာ သူမြင်ဖူးရုံသာ မြင်ဖူးခဲ့ရသည်။ ဒါလောက်မှ ကိုယ်တွေ့လက်တွေ့ မြင်ဖူးခဲ့ရခြင်း မဟုတ်၊ ရုပ်ရှင်ထဲက သူဌေးအိမ်ပါသော ကားပေါ်က အရိပ်တွေသာ မြင်ဖူးခဲ့ခြင်းဖြစ်တော့သည်။

"အခု ငါ ဒီအိမ်ကြီးမှာ နေရတော့မယ်"

"ငါ ဘာဖြစ်လို့ ဒီရောက်လာပါလိမ့်"

"တစ်သက်လုံး ဒီမှာပဲ နေရမှာတဲ့လား"

တင့်လွင်မှာ အာလာဒင် ဥစ္စာစောင့် ဥယျာဉ်ထဲ ရောက်နေသလို ကြောင်တောင်တောင် ဖြစ်နေတော့သည်၊ တကယ်မှ ရောက်လာတာ

mgyoe.com

mgyoe.com


လား အိပ်မက်ပဲ မက်နေရော့သလားဟုလည်း ထင်မိသည်။ သူ့အဖို့တော့ ထင်စရာလည်း ဖြစ်ပေသည်။ သူ့ဘဝ သူ့တစ်သက်တာတွင် ဤလို အရိပ်အာဝါသအောက်သို့ ယခုလို မြန်မြန်ရောက်လာနိုင်စရာ စိတ် မကူးခဲ့မိ။ အကြောင်းမမြင်။

"ဟော့ကောင် တင့်လွင် ဒီကိုလာ ဒီကိုထိုင်"

မြင့်လွင်ကတော့ သူ့ဖွေးသားပီပီ၊ အမွေးပွ ကြမ်းပြင်ခင်း၊ ကော်ဇောကြီးပေါ်ကို ဖိနပ်မချွတ်ဘဲ သွက်သွက်လက်လက် ဖြတ်နင်းကာ ဆိုဖာကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကော်ဇောကြီး နီနီရဲရဲ လှလှပပပေါ်သို့ ဖိနပ်နှင့်နင်းရမည်မှာ တင့်လွင်အတွက် အတော်ကြီးလေးသော တာဝန်ကြီးတစ်ခု ဖြစ်နေတော့သည်။

ကတ်သီးကတ်သတ် ကော်ဇောလွတ်သော၊ ကြမ်းပြင်ပေါ်ကလေးက ဖြတ်သွားကာ မြင့်လွင်ထိုင်၍ ဖိတ်ခေါ်သော ဆိုဖာနားသို့ ရောက်ခဲ့ရလေသည်။

"ထိုင်ပါကွ... လာပါ"

မြင့်လွင်က လက်ကို ဗြုန်းခနဲ ဆွဲလိုက်သောအခါ တင့်လွင်မှာ တစ်ကိုယ်လုံးအလေးနှင့် ဆိုဖာပေါ်သို့ ငြိမ့်ခနဲ ကျသွားသည်။ တင့်လွင်သည် ငြိမ့်ခနဲ ချိုင့်ဝင်သွားသောကြောင့် လန့်၍ထလိုက်မိသည်။ မြင့်လွင်ကား သူ့ကို ရယ်စရာ လုပ်ပြလိုက်သကဲ့သို့ အတော်သဘောကျသွားကာ ဟက်ဟက်ပက်ပက် ရယ်မောနေသည့်အချိန်တွင် တင့်လွင်မှာ ရှက်ကိုးရှက်ကန်းဖြစ်နေရရှာသည်။

"ဒီဆိုဖာက ဒီလိုပဲကွ ဒီမှာ ကြည့်"

မြင့်လွင်သည် သူ့ကိုယ်ကလေးနှင့် ဆိုဖာပေါ်တွင် ဆောင့်၍ ဆောင့်၍ ဆော့နေလေသည်။ ကုန်းပေါ်တွင် လှိုင်းစီးနေသလို နိမ့်ချည် မြင့်ချည် ဖြစ်နေသည့်အရသာကို ကြည့်ရင်း တင့်လွင်ပါ အားကျလာ

mgyoe.com

mgyoe.com


သကဲ့သို့ မရဲတရဲထိုင်ကာ ဖင်ဆောင့်၍ ကြည့်မိလေသည်။

"မင်း... ဘောလုံးကန်တတ်သလားကွ"

"အင်း..."

"ခွလေးကော... လက်တည့်လား"

"ငါ စာကလေးတွေကို မှန်အောင် ပစ်နိုင်တယ်"

"အံမယ်... ဒါဖြင့် ငါ့ထက်တော်တာပေါ့... ငါပစ်တာဖြင့် တစ်ကောင်မှ မထိဘူး"

"မထိတာပဲ ကောင်းပါတယ်ကွာ... ဘာလုပ်မလဲ... သနားစရာကလေးတွေ"

"မင်းဆိုင်ကယ်ကော စီးတတ်လား"

"ဟင့်အင်း... ဒါတော့ မစီးတတ်ဘူး... စီးတော့ စီးချင်တယ်ကွ"

"အေး... ငါသင်ပေးမယ်။ နောက်ပြီး နောက်ပြီး (အေ ဖက်ကက်ဆက် အွန်သည် မက်) ဆိုတာတွေကော ဖတ်နိုင်ရဲ့လား။ ငါ့အင်္ဂလိပ်ဖတ်စာထဲမှာ ပါတာတွေလေ"

"ငါမှ အင်္ဂလိပ်စာမတတ်ဘဲ"

"ဒီမှာကြည့်စမ်း... ငါ့စာအုပ်... အရုပ်ကလေးတွေ... မလှဘူးလားဟင်"

"အေးကွာ သိပ်လှတာပဲ ငါဖတ်တတ်ချင်လိုက်တာ"

"မင်း ဖတ်တတ်မှာပေါ့ကွာ၊ ဖေဖေက ကျောင်းထားပေးမှာပဲ ဥစ္စာ၊ ဪ... ဒါနဲ့လေ.. ကျောင်းမှာ – ငါနေတဲ့.. ကျောင်းမှာလေ... မင်းအောင်တဲ့ မင်းနောင်တဲ့ သူတို့ ညီအစ်ကိုက ငါ့ကို သိပ် သိပ် စကြတာပဲ မုန့်မပေးရင်လည်း ငါ့ကို ထိုးကြတယ်ဆရာ"

"အံမာ... ငါနဲ့ တွေ့ရင် ပြန်ထိုးမှာပေါ့... ဘာဖြစ်လို့ ခံရမှာလဲ"

"မင်း တကယ်လား"

mgyoe.com

mgyoe.com


"တကယ်ပေါ့ ဘာလုပ် ကိုယ့်မုန့်ကို ပေးရမှာလဲ"

မြင့်လွင်က တင့်လွင်ကို သဘောကျသကဲ့သို့ ကြည့်နေလိုက်သည်။ သူ့ကိုယ်ရံတော် သူ့လက်သုံးတော်အဖြစ်နဲ့ သူတစ်ပါးရန်ကို ကာကွယ်ပေးနိုင်တော့မလို အောက်မေ့၍ ပို၍အားတက်သွားသည်။ ပို၍အားကိုးမိသည်။ ကမြင်းမသားကလေးတွေ တင့်လွင်ကို အထိုးခိုင်းမယ်ဟု စိတ်တွင်းက ကြိမ်းဝါးလိုက်မိသည်။

ထိုအခိုက် အသက်လေးဆယ်နီးပါးခန့် မိန်းမတစ်ယောက်နောက်ဖေးမှထွက်လာပြီးလျှင် ဆိုဖာပေါ်က ခြေတွဲလောင်းချနေသော မောင်မြင့်လွင်၏ခြေရင်းတွင် ခပ်ကျို့ကျို့လာ၍ ထိုင်လိုက်သည်။ တင့်လွင်က သူဘာလုပ်မလို့ပါလိမ့်ဟူသော အတွေးနှင့် ကြည့်နေလိုက်မိသည်။ ထိုမိန်းမသည် မောင်မြင့်လွင်၏ ဖိနပ်ကို ဒူးတုပ်၍ ယုယုယယ ချွတ်ပေးနေသောအခါ တင့်လွင်တွင် အတော်အံ့အားသင့်သွားမိသည်။

ဆွေမျိုးမိဘမဟုတ်သော သူစိမ်းတစ်ယောက်က ယခုကဲ့သို့ တရိုတသေ ဝတ်ပြု ကူညီနေသည်ကို မျက်မြင်တွေ့ရခြင်းအတွက် အထူးအဆန်းဖြစ်နေလေသည်။ မောင်တင့်လွင်၏မိဘမှာ ယခုကဲ့သို့ပြုစုပေးမည့်သူမရှိ၊ ကိုယ်ချက်သော ထမင်းကို ကိုယ်တိုင်ခူးခပ်၍စားခဲ့ရသည်။ ကိုယ့်အိပ်ရာကိုယ်ခင်း၍ အိပ်ပြီးနောက် ကိုယ်တိုင်ပင်ပြန်သိမ်းခဲ့ရသည်။ ကိုယ့်အဝတ်ကို ကိုယ်လျှော်၍ ကိုယ့်ကိစ္စဟူသမျှကို ကိုယ်ပင်လုပ်ခဲ့ရရှာသည်။ ထို့ကြောင့် ယခုလည်း ဦးဘလွင် ဝယ်ပေး၍ စီးနေရသောဖိနပ်အသစ်ကလေးကို ကိုယ်တိုင်ပင် ကုန်း၍ ချွတ်မိသည်။

"ဟော့ကောင် မင်းမချွတ်နဲ့ကွ... သူ ချွတ်ပေးလိမ့်မယ်"

"ဟာ ကွာ... ကိုယ့်ဟာကိုယ် ချွတ်ပါမယ်"

မိန်းမကြီးသည် ကလေးနှစ်ယောက်၏ဖိနပ်ကိုကောက်ယူ၍ လှေကားရင်းရှိ ဖိနပ်စင်သို့ သွားထားလေသည်။

mgyoe.com

mgyoe.com

"မင်းက ဘာလုပ်ချတ်ရတာလဲ သူက ဖိနပ်ချွတ်ပေးဖို့ တို့က လခပေးထားရတာ"

"လူကြီးကို ဖိနပ်ချွတ်ခိုင်းရင် ငရဲကြီးမှာပေါ့ကွ"

"ပိုက်ဆံပေးရင် ငရဲမကြီးဘူးကွ"

အဝတ်အစားလဲသော အခန်းထဲက ဦးဘလွင်သည် ကလေးနှစ်ယောက်၏စကားကို အတိုင်းသား ကြားလိုက်ရသည်။ သားအရင်း မောင်မြင့်လွင်၏ စကားများမှာ မာနသံပါ၍ မောင်တင့်လွင်၏စကားများမှာ ဂါရဝသံပါကြောင်း ခြားနား၍ သတိပြုမိလေသည်။

"လာကြဟေ့... လက်ဖက်ရည်သောက်ကြစို့"

အခန်းထဲမှ အဝတ်အစားလဲပြီး၍ ထွက်လာသော ဦးဘလွင်က ကလေးနှစ်ယောက်ကို လှမ်းခေါ်လိုက်ပြီးလျှင်... အိမ်တွင်းဘက် ခပ်ကျကျ အခန်းတစ်ခုထဲသို့ ဝင်သွားလေ၏။

"လာဟေ့ လက်ဖက်ရည် သွားသောက်ရအောင် မုန့်တွေလည်း မင်းကို ငါကျွေးမယ်"

မောင်မြင့်လွင်က မောင်တင့်လွင်လက်ကို ဆွဲ၍ခေါ်သွားလေရာ လက်ဖက်ရည်ခန်းအရောက် တဖိတ်ဖိတ် တောက်နေသော ကျွန်းလျှာထိုး ကျွန်းပြင်ကြီးပေါ်သို့ အသာအယာ ခြေဖျားလေးထောက်ကာ ဆွဲရာသို့ ပါသွားလေ၏။

အခန်းဝကတည်းက မောင်တင့်လွင်သည် ပတ်ဝန်းကျင်ကို အထူးတဆန်း ကြည့်မိလေသည်။ မကျဉ်းမကျယ် ပေ ၂၀ ပတ်လည်လောက် အခန်းကလေး၏ နံရံများမှာ အစိမ်းနုရောင်ဆေးဖြင့် မျက်စိပသာဒ အေးစေလေသည်။ တိုက်နံရံတစ်ဖက်က မှန်ပြတင်းပေါက်ကြီး၌ အစိမ်းခပ်ရင့်ရင့် အခန်းဆီးကလေးကို ပြတင်းပေါက်တစ်ဝက်က ကန့်လန့်ဖြတ် ကာထားလေရာ လေပြည်ကလေး ဖေ့တိုင်း ဖေ့တိုင်း တဝေ့ဝေ့

mgyoe.com

mgyoe.com


ကစားနေကြသည်။

အပြင်လောက ပန်းခြံတွင်းသို့ ကြည့်လိုက်ပြန်လျှင် ပန်းပင်ကြီးငယ်တို့၏ အပွင့်အဖူးအရွက်တို့မှာ တလှုပ်လှုပ်တယမ်းယမ်း အုတ်နီမှုန့် မော်တော်ကားလမ်းကလေးနှင့် အတော်ကြီး ပနံရလေသည်။ အတွင်းနံရံတစ်ဖက်တစ်ချက်တွင် ဆီဆေးနှင့် ရောင်စုံရေးထားသော ပန်းချီကားကြီးနှစ်ချပ်ကို ဝါဝင်းသော ရွှေပေါင်နှင့် တွေ့မြင်ရသည်။

ကားကြီးတစ်ခုမှာ သစ်တော်သီး၊ ပန်းသီးနှင့် စပျစ်သီးများကို ငွေကလပ်တစ်ခုပေါ်၌တင်ထားသော ပုံကြီးတစ်ခု ဖြစ်လေရာ စားပွဲပေါ်သို့ အခိုင်လိုက်တွဲကျနေသော စပျက်သီးလေးများမှာ စားချင်စရာပင် ကောင်းလှသည်၊ နောက်တစ်ကားတွင်မူ ကြေးဝါပန်းအိုးကြီးထဲတွင် ပန်းမျိုးစုံ စိုက်ထားသော ပုံတူကားကြီး ဖြစ်လေသည်။ ထိုကားတွင်လည်း ကြွေကျနေသော နှင်းဆီပွင့်ချပ်ကလေးများ ရော်ရွက်ဝါကလေးများက တကယ့်သဘာဝကို ဖော်ပြနေလေသည်။

အခန်းတွင်းအလယ်လောက်တွင် ကုလားထိုင်ခြောက်လုံးဝိုင်းရံနေသော စားပွဲရှည်ကြီးပေါ်၌ အစိမ်းနှင့်အဖြူ ကွက်ထားသော စားပွဲခင်းကြီး ရှိလေသည်။ ငွေလက်ဖက်ရည်အိုး၊ ငွေသကြားခွက်၊ ငွေနို့ကရားများနှင့်တကွ လက်ဖက်ရည်ပန်းကန်အနုအကောင်းအစားများနှင့် မုန့်အမျိုးမျိုး ပါဝင်သော ပန်းကန်အလှကလေးများလည်း သူ့နေရာနှင့်သူ... စိစိရီရီ နေသားတကျ ကြည့်၍ပင် လှသေးတော့သည်။

စားပွဲအလယ်ကောင်တွင်ကား... လှပတောက်ပြောင်သည့် ငွေပန်းအိုး အရိုးရှည်ရှည်ထဲတွင် သစ်လွင်လန်းဆန်းသော အင်္ဂလိပ်နေကြာပန်းကြီးများ စိုက်ထားလေသည်။

မောင်တင့်လွင်မှာ အခန်း၏ကျက်သရေကြောင့် ရှန့်တန့်တန့်ဖြစ်နေလေသည်။ တစ်အိမ်လုံး၏ ဥပရာဇာဖြစ်သော မောင်မြင့်လွင်တွင်

mgyoe.com

mgyoe.com


ကား ရဲရဲဝံ့ဝံ့ သွက်သွက်လက်လက်နှင့်ပင် တစ်ခုပြီးတစ်ခု ကျင်လည်စွာ ကိုင်၍ လက်ဖက်ရည် ဖျော်စပ်နေလေသည်။

"ဟော့ကောင်… တင့်လွင် ငါ့လို ဖျော်သောက်လေ၊ ဘာမုန့်စားမလဲ၊ ဘီစကွတ်လား၊ ပလိန်းကိတ်လား၊ ပေါင်မုန့်ထောပတ်သုတ် စားမလား"

မြင့်လွင်က လောကွတ်ချော်သလောက် တင့်လွင်တွင် ဘယ်က ဘာကိုစ၍ လုပ်ရမသိသကဲ့သို့ ခပ်ဆွံ့ဆွံ့ခပ်ငုံ့ငုံ့ ဖြစ်နေရှာသည်။

"သောက်ကွဲ့သောက်၊ မင်းဟာမင်း စိတ်တိုင်းကျသလို ဖျော်သောက် မုန့်လည်း စားချင်ရာယူစားလေ" ဟု ဦးဘလွင်က ရဲတင်းလာအောင် လမ်းဖော်ပေးလိုက်လေ၏။

* * *

အမွေစား – အမွေခံအဖြစ်ဖြင့် မွေးစားမည်ဟု မရည်ရွယ်သော်လည်း မိမိသားအရင်း၏ ဖွားဘက် ကစားတော်အဖြစ်ဖြင့် ဒုက္ခိတလေးတစ်ဦးကို ခေါ်ငင်ကျွေးမွေးရခြင်း၌ ဦးဘလွင်သည် စေတနာစိတ်ထား မတွန့်တိုလှပေ။

ထိုနေ့တစ်နေ့လုံး၊ မောင်မြင့်လွင်က ရောက်ခါစဧည့်သည်လို ဖြစ်နေသော တင့်လွင်အား အိမ်ကြီးအခြေအနေများကို လိုက်လံပြသခြင်း၊ ကစားစရာများကို ထုတ်၍ကြွားခြင်း၊ မိမိ၏ကျောင်းသုံးစာအုပ်၊ အရုပ်စာအုပ်များကို ယူ၍ပြခြင်းတို့ဖြင့် အတော်ရွှင်ရွှင်ပျပျ သွက်သွက်လက်လက် ဖြစ်နေလေသည်။

ပန်းခြံတွင်းသို့ဆင်းကာ ဒန်း – စီးဆောများဖြင့် သွား၍ကစားခြင်း ဘောလုံးကန်ရခြင်းနှင့် ကလေးငယ်နှစ်ယောက်သား တပူးတွဲတွဲ ရှိကြလေရာ အိမ်တွင်ရှိ အစေခံများကလည်း တင့်လွင်၏ဇာတိဇာစ်မြစ်ကို မသိစေကာမူ သူဌေးကြီးနှင့် သူဌေးသားကလေးတို့ကိုယ်တိုင် ဂရုတစိုက်

mgyoe.com

mgyoe.com


ပြုလုပ်နေခြင်းကြောင့် အလိုလို ရှိသေလာကြလေသည်။ ဩဇာခံကြလေသည်။ အစေအပါး ဆောင်ရွက်ခြင်းအမှု ပြုကြလေသည်။

တင့်လွင်၌ အောက်ကျနုံချာသော ဘဝမှ အဆင့်အတန်း အလှမ်းအကွာကြီးကွာသော စည်းစိမ်တို့အလယ်တွင် ရောက်လာခဲ့ရစေကာမူ မြူးတူးရဲဝံ့ခြင်းမရှိ။ အစားအသောက်အနေအထိုင်မှစ၍ မောင်မြင့်လွင်ကို ဦးစားပေးကာ ဦးဘလွင်အား ခပ်ရွံ့ရွံ့ ခပ်ကျို့ကျို့ အရိုအသေပေး၍ မျက်နှာသေကလေးနှင့် ဆက်ဆံရှာလေသည်။

ကလေးအရွယ်ပင်ဖြစ်လင့်ကစား တင့်လွင်၏ သိတတ်သော သဘောတရားကို ဦးဘလွင် သတိထားမိသည်။ ကရုဏာတရား နေရဲ–ထိုင်ရဲ – လွတ်လပ်ခွင့်ရအောင် မသိမသာ လိုက်လျောခဲ့ရှာသည်။

ထိုနေ့ညက မအိပ်ကြသေးမီ၊ သားအဖ သုံးယောက် ဆုံမိကြလေ၏။

"ဖေဖေ… သူ့ကို ကျွန်တော်တို့ ကျောင်းမှာပဲ ထားမယ် မဟုတ်လားဟင်"

"သူနေချင်တယ်ဆိုရင် ဖေဖေက ထားပေးမှာပေါ့ သားရဲ့"

"ဟော့ကောင်… မင်းကျောင်းနေမယ် မဟုတ်လား… ဟင် စာဖတ်တတ်ချင်တယ်ဆို၊ နောက်ပြီး ကျောင်းမှာဆိုရင်လေ ကစားရတာ သိပ်ပျော်တာပဲ"

မောင်မြင့်လွင်က တင့်လွင်ကို အဖော်ညှိလိုက်သည်။

"အေး ငါလည်း သိပ်ပြီး စာတတ်ချင်တာပဲ"

"ကဲ – ဖေဖေ သူက နေမယ်တဲ့ သားနဲ့အတူတူကျောင်းသွား၊ သားနဲ့အတူတူ ကစား၊ သားနဲ့အတူတူ ကျောင်းက ပြန်ဟာ သိပ်ဟန်တာပဲ" ဟု ပြောရာက မြင့်လွင်က ဆက်၍

"မင်း… အေ ဘီ စီ ဒီ ရလား"

mgyoe.com

mgyoe.com


"ဖေဖေရှိတုန်းက ကျောင်းထားပေးလို့ သင်တော့သင်ခဲ့ရတာပဲ" မောင်တင့်လွင်သည် ပြောရာက မျက်နှာကလေးတစ်ချက် ညှိုးသွားလေသည်။

"နောက်ပြီးတော့ (အက် (စ) အိုး ဆိုး) ထိုကြောင့်... (ဂျီ အို ဂိုး) သွားသည်သွားပ၊ (အင်(န) အို နိုး) မရှိမဟုတ် အဲဒါတွေကော ရလား"

"ဒါတွေတော့ မေ့ကုန်ပြီး"

"အေး ဒါဖြင့် ငါသင်ပေးမယ်"

"ကဲ–ကဲ အိပ်ကြပါတော့ကွယ်။ မနက်ဖြန်ခါ ဖေဖေ ကျောင်းလိုက်အပ်ပေးမယ်" ကလေးနှစ်ယောက် အိမ်ခန်းတွင်းသို့ ဝင်သွားပြီးသည့်နောက် ဦးဘလွင်သည် စာကြည့်ခန်းထဲသို့ ပြောင်းကာ တင့်လွင်၏ ဘဝရေစက်ဟောင်းကို တွေးတောနေမိလေသည်။

"ဗုဒ္ဓံပူဇေမိ – ဗုဒ္ဓံမြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား"

ဦးဘလွင်သည် တွေးနေရာက ခေါင်းထောင်၍ နားစွင့်မိလေသည်။ ထိုအသံမှာ မောင်တင့်လွင်၏အသံဖြစ်သည်။ အိပ်ရာအဝင်တွင် မောင်မြင့်လွင်အား ယခုလို ဘုရားရှိခိုးဖို့ မိမိကိုယ်တိုင် မသင်ကြားခဲ့မိ၊ ထားခဲ့သော ကျောင်းကလည်း အင်္ဂလိပ်ကျောင်းဖြစ်ရာ မဆုံးမကြချေ။

ဦးဘလွင်သည် ဩကာသ တစ်ပုဒ်လုံးဆုံး၍ ငါးပါးသီလအထိ ရွတ်ဆိုနေသော မောင်တင့်လွင်၏အသံကို အံ့ဩခြင်း ကြည်နူးခြင်း၊ ချီးမွမ်းခြင်းတို့ဖြင့် ငြိမ်သက်စွာ နာယူနေမိလေသည်။

"ဟော့ကောင်... မင်းဘုရားရှိခိုး အရှည်ကြီးကို ရတယ်နော်။ နေ့တိုင်း ဒီလိုပဲ ရှိခိုးသလား" မောင်မြင့်လွင်၏ မေးသံကို သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"အိပ်ခါနီးတိုင်း ရှိခိုးရတယ်ကွ။ ဒါမှ ကုသိုလ်ရတယ်တဲ့"

mgyoe.com

mgyoe.com


"ကုသိုလ်ရတယ် ဆိုတာ ဘာလဲ... အဲဒါရတော့ ဘာဖြစ်သလဲ"

"ကုသိုလ်ရတော့ ခွေးတို့ နွားတို့ မဖြစ်ဘူးပေါ့ကွ"

"ဟင်... လူက နေပြီးတော့ ခွေးလို နွားလို ဘယ်ဖြစ်မလဲ"

ယုတ္တိမရှိသော စကားကို ကြားနေရသော မြင့်လွင်က ရှုံ့ကာမဲ့ကာ နှင့် စောဒကတက်လိုက်သော အသံကို ကြားရပြန်သည်။

"အခုတော့ မဖြစ်နိုင်ဘူးပေါ့ကွ"

"နို့ ဘယ်တော့ဖြစ်မှာလဲ"

"သေသွားတော့ ဖြစ်တတ်တယ်"

"ဟင် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ကွ ဒါတွေ မဖြစ်ရင်လည်းလေ ငရဲအိုးကြီး ထဲ ဆီတွေနဲ့ အကျော်ခံရသတဲ့ ဆရာ"

"ဟာ ငါသိပြီ... ငါသိပြီ၊ ငရဲကြီးတယ်ဆိုတာမျိုး ဟုတ်လား"

"အေး... အေး၊ နောက်ပြီးတော့ မင်း တစ်ခါတလေ အိပ်မက်ထဲမှာ ချောက်ကြီးထဲကျသွားတာတို့၊ တောင်ကြီးပေါ်က လိမ့်ကျသွားတာတို့ မခံရဖူးဘူးလား"

မြင့်လွင်က စဉ်းစားနေသလို အတန်ကလေးကြာအောင် တိတ် ဆိတ်နေပြီးမှ...

"အေး အေး... ခံရတယ် ဆရာ... တစ်ခါတလေလည်းလေ သရဲကြီးတွေက နောက်က အတင်းလိုက်လို့ ပြေးလိုက်ရတာ၊ မောနေ တာပဲ... လန့်နိုးတော့မှ အိပ်မက် မက်နေတာကို သိတယ် ဆရာ"

"အေး... ဒီလို အိပ်မက် မမက်ချင်ရင်လည်း ဘုရားရှိခိုးရတယ်"

"ငါ ရှိခိုးချင်သားပဲ၊ ငါ့ကို မင်းသင်ပေးမလား"

"သင်ပေးမှာပေါ့ကွာ..."

မကြာမီ ဗုဒ္ဓံ ပူဇေမိ – ဓမ္မံ ပူဇေမိ – သံဃ ပူဇေမိ ဟူသော

mgyoe.com

mgyoe.com

အပိုဒ်ကို မောင်တင့်လွင်က တိုင်ပေး၍ မောင်မြင့်လွင်က လိုက်ဆိုသံကို ကြားရလေသည်။ လေးငါးဆယ်ခေါက်မျှရောက်သောအခါ မောင်မြင့်လွင်၌ နှုတ်တက်အာဂုံဆောင်နိုင်တော့လေ၏။

"ဩကာသ – ဩကာသ"

"ဒါက အရှည်ကြီးကွ... မနက်ဖြန်ခါကျမှ၊ အခု ဒါပဲ ဆိုဦး"

"အေး... နေဦး၊ ဖေဖေ့ကို ငါ သွားပြောဦးမယ်" မြင့်လွင်သည် သူ့ညဏ်စွမ်းကလေးကို အားရဝမ်းသာဆိုပြ၍ ကြွားရန် ဦးဘလွင်ကြီး ရှိရာ အခန်းထဲသို့ ပြေးဝင်လာခဲ့လေသည်။ ဦးဘလွင်က ကလေးနှစ်ယောက်၏ ဓမ္မသဝန–ဓမ္မဒေသနာသံကို ကြားစကတည်းက အတော်ပီတိဖြစ်နေသဖြင့် မောင်မြင့်လွင်အား ကျေနပ်သောအပြုံးဖြင့် ဆီးကြိုလိုက်လေသည်။

"ဖေဖေ – ဖေဖေ၊ သား–လေ၊ ဘုရားရှိခိုးရပြီ ဖေဖေရဲ့"

"အေး – အေး... ကောင်းတယ်... ကောင်းတယ်... သာဓု သာဓု..."

"တင့်လွင်က သင်ပေးတာ... ဒါကိုဆိုရင် ငရဲမကြီးဘူးဆို ဟုတ်လား ဖေဖေ" ဟု ကိုယ်တိုင် စုံစမ်း စပ်စုနေပြန်လေရာ ဦးဘလွင်က ကျေကျေနပ်နပ်ကြီး ခေါင်းကို ညိတ်ပြလိုက်ရင်း....

"အေးပေါ့ကွဲ... မောင်တင့်လွင်က လိမ္မာလို့ ဘုရားရှိခိုးတာ သားလည်း သူ့လိုရှိခိုးရင် ကုသိုလ်ရတာပေါ့။ ဒါမှကောင်းတယ်"

ဦးဘလွင်၏ အနုမောဒနာပြုသံကြောင့် မောင်မြင့်လွင်သည် အတော်သွေးကြီးသွားသကဲ့သို့ ခပ်ကြွားကြွား ပြန်သွားလေသည်။ ဖခင်ကြီးမှာ သား၏အမူအရာကို ကြည့်ရင်း အလွန့်အလွန် ဝမ်းသာသွားလေသည်။

ရှေးဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ – မိနှင့်ဘဟု ဆိုကြသော်လည်း မိမိတွင် အလုပ်ကိစ္စ ဓနစည်းစိမ်တို့ကြောင့် မေ့လျော့ပေါ့တန်

mgyoe.com

mgyoe.com


ဝတ္တရားကြွင်းကျန်ခဲ့ရသည်ကို သတိရမိသည်။

*   *   *

တစ်နေ့သောနံနက် ရှစ်နာရီအချိန်လောက်တွင် ဟံသာဝတီလမ်းထောင့်ရှိ ထရိမ်နင်ကောလိပ်ခေါ် ဆရာဖြစ်သင် ကောလိပ်ကျောင်းဝင်းအတွင်းသို့ ဦးဘလွင်၏ မော်တော်ကားကြီး ဝင်သွားသည်ကို မြင်နိုင်လေသည်။

ခါတိုင်းကမူ ပြည်လမ်းမကြီးပေါ်ရှိ ဦးဘလွင် အိမ်နှင့် ကျောင်းမှာ မဝေးကွာလှသောကြောင့် အများအားဖြင့် မောင်မြင့်လွင်တစ်ယောက်တည်း သားရေအိတ်ကြီးလွယ်ကာ ကျောင်းတက်လေ့ ရှိလင့်ကစား၊ ယနေ့မူ မောင်တင့်လွင်အား ကျောင်းအပ်ပေးရန်ကိစ္စကြောင့် ဦးဘလွင်ကိုယ်တိုင် လိုက်ပါခဲ့ခြင်းဖြစ်ရာ ကျောင်းကြီး၏ကျက်သရေကို အံ့ဩငေးမောကာ ကြည့်ရင်းလိုက်ပါလာသော မောင်တင့်လွင်ကို ကောင်းစွာမြင်နိုင်ကြလေသည်။

ထို့ကြောင့် ခိုရာ နတ္ထိ – ဒုက္ခဖိစ၍ မရှိဆွေရင်း ဆင်းရဲတွင်းမှ တက်လာရသော မောင်တင့်လွင်တွင် လောလောဆယ် နေရေးထိုင်ရေး စားရေး သောက်ရေးမျှမက လောကတွင် လူတစ်လုံး ဖြစ်ပေါ်လာနိုင်အောင် ပရိယေသနအတွက် ပညာသင်ကြားရေးပင် အကျိုးဆက် မပြတ်ပေးလာသလို ဖြစ်သောကြောင့် ဦးဘလွင်တို့၏ ကျေးဇူးခံစင်စစ်ဖြစ်ရပြန်လေ၏။

ဆယ့်တစ်နာရီခွဲထမင်းစားလွှတ်ချိန်တွင် မနီးမဝေးဖြစ်သော အိမ်သို့ နှစ်ယောက်အတူ ပျော်ပျော်ရွှင်ရွှင်ပြန်၍ စားရခြင်းသည် ခါတိုင်းတစ်ယောက်တည်း ငြီးငွေ့စဖွယ် ပြန်ခဲ့ရသည်ထက် မောင်မြင့်လွင်အဖို့ မြူးထူးစေလေသည်။ နှစ်ဦးသားလမ်းတွင် ကစားရင်း – ဆော့ရင်း – စကားပြောရင်း ကျောင်းသို့ ပြန်ခဲ့ရသည်မှာလည်း ရောက်မှန်းမသိ ကြည်

mgyoe.com

mgyoe.com


နူးစွာ ရောက်ခဲ့ရလေ၏။

နေ့လယ် လက်ဖက်ရည်သောက်ချိန်မှာကား မောင်မြင့်လွင်တို့ အိမ်မှ စားပွဲထိုးကုလားတစ်ယောက် ကြွေဗန်းနှင့် လက်ဖက်ရည် အပြည့်အစုံ မုန့်အပြည့်အစုံနှင့် လာ၍ ပို့လေရာ သူငယ်နှစ်ယောက်၌ ဆာလောင်မွတ်သိပ်သော ဝမ်းကို ပျော်ပျော်ရွှင်ရွှင် ဖြည့်တင်းရပြန်လေ၏။

ထိုစားပွဲထိုးက လက်ဖက်ရည်ငှဲ့ပေးပြီးသောခဏ၌ မောင်မြင့်လွင်၏အနားသို့ သူငယ်ကလေးနှစ်ယောက် ကပ်လာကြလေသည်။ ၎င်းတို့၏ မျက်နှာထားမှာ နိုင်ရာစား လူမိုက်ကလေးများကဲ့သို့ တင်းမာခက်တရော်လျက်...၊ ရှိသောကြောင့် မောင်တင့်လွင်က လှမ်း၍ကြည့်လိုက်မိလေသည်။

"ဟေ့မြင့်လွင်... တို့ကိုတော့ မုန့်မပေးဘူးလားကွ..." ဟု အငယ်အကောင်က ခပ်စွာစွာ ပြောလိုက်သောအခါ... မောင်မြင့်လွင်က မောင်တင့်လွင်၏မျက်နှာကို လှမ်းကြည့်လိုက်လေ၏။ သို့သော် မောင်တင့်လွင်ကား ယနေ့မှ ကျောင်းရောက်စဖြစ်သောကြောင့် အရေမလည်သေးသကဲ့သို့ တုဏှိဘောဖြင့်သာ သူ့အတွက် မုန့်ကို သူစားနေလေသည်။ မောင်မြင့်လွင်ကား သူ့အတွက် မုန့်တစ်ဝက်ကို မိုက်ကြေးလာခွဲသော သူငယ်ကလေးအား ပေးလိုက်ရလေသည်။

"ငါ့တော့ကော" ဟု ခပ်ထန်ထန် ပြောပြန်လေသည်။

ထိုအခါ အကြီးကောင်က အနားကပ်လာရင်း...

"ဟာကွာ – မင်းတို့ ဟိုမှာ အတူတူစားပါလား" ဟု ဤတစ်ခုထပ်ပေးရလျှင် မိမိဝေစုကုန်ကာ စားစရာမှမရှိတော့သည်ကို သိသည့်အတွက် ယခင်က ပေးလိုက်သော မုန့်ကို မေးထိုးပြရင်း အရဲစွန့်ပြောသဖြင့် ယခင်ရပြီး သူငယ်က ဘေးသို့ ရှောင်သွားလေရာ။

"ဟိုဟာ... ငါနဲ့ ဘာဆိုင်လဲ ငါ့ကို တခြားပေး" ဟု ဆွဲလုတော့

mgyoe.com

mgyoe.com


မလို ဟန်ပြင်လိုက်သောအခါ ခပ်အေးအေးမတ်တတ်ရပ်လိုက်သော မောင်တင့်လွင်၏မျက်နှာကို မော့ကြည့်လိုက်ပြန်လေ၏။ မောင်တင့်လွင်ကား ဘာစကားမှမပြောဘဲ ယခင်သူငယ်ကလေးသို့ပေးပြီး မုန့်ကိုဆွဲ၍ လုလိုက်ပြီးလျှင် မောင်မြင့်လွင်အား ခပ်အေးအေးပြန်ပေးလိုက်လေရာ အကြီးကောင်တွင် အံ့အားသင့်သွားလေ၏။ အငယ်ကောင်ကလည်း အကြီးနှင့်ရောစ၍ ပူးလိုက်လေသည်။

"မင်းတို့ ဘာမတရားတာလဲ စားချင်ရင် အိမ်က ယူခဲ့ပါလား ဟော့ မပေးနဲ့ နည်းနည်းကလေးမှ မပေးနဲ့" ဟု မောင်မြင့်လွင်အား ဝင်၍ ဟန့်တားလိုက်လေသည်။

"အောင်မာ… ကျောင်းကို ဒီနေ့မှ ရောက်တဲ့အကောင်က လူပါးဝ လို့"

"ဟော့ကောင်တွေ မင်းတို့ဒီနေရာက သွားရင် သွားနော် ငါထိုး လိုက်မယ်" ဟု မောင်တင့်လွင်က လက်သီးကလေး တင်းမာစွာ ဆုပ်ရင်း ဘေးချင်းစောင်လိုက်လေသည်။ လက်မြန်သော အငယ်ကောင်သည် မောင်တင့်လွင်၏ပခုံးကို ခဲတံနှင့် တအားထိုးလိုက်သည့်အခိုက် အကြီး ကောင်က နားသယ်ကို လက်သီးနှင့် ထိုးလိုက်လေသည်။

မောင်တင့်လွင် လက်သီးဒဏ်ကြောင့် နောက်သို့ယိုင်လဲတော့ မတတ် ဖြစ်သွားလေ၏။ ခဲတံဒဏ်ကြောင့် ပခုံးတွင် သွေးကလေးစို့ လာလေသည်။ သို့သော် ရှုံ့မဲ့၍ ဝေဒနာကိုခံရင်း အကြီးကောင်ကို ဝင်၍ လုံးလေရာ… အငယ်ကောင်က မောင်တင့်လွင်၏ကျောကို တအားထုနေ လေသည်။ စားပွဲထိုးကုလားမှာ ပျာယီပျာယာနှင့် အော်ရင်း ဝင်ဖျဉ်နေစဉ် မောင်မြင့်လွင်မှာမူကား ဘာလုပ်ရမည်မသိသည့်အတိုင်း ပျာယာခတ်နေ ဖော်သာ ရလေသည်။

အပေါ်က ဘယ်မျှလောက်ထိုးနေစေကာမူ မောင်တင့်လွင်ကား

mgyoe.com

mgyoe.com


အောက်တွင်ဖမ်းမိသည့် အကြီးကောင်ကို မလွှတ်တော့ဘဲ ရင်ဘတ်ပေါ်က ခွဲ့မေးရိုးကို လက်သီးနှင့်ထိုးနေလေသည် အပေါ်ကထိုးလေ သူက အောက်သို့ ဖွဲကြီးလေဖြစ်နေလေရာ အကြီးကောင်ပါးစပ်မှ သွေးများ ယိုလာလေ၏။

ထိုအခိုက် အခြားကျောင်းသားကြီးငယ် ဆရာ ဆရာမများပြေးလာပြီး မနည်းဖျဉ်သည့်တိုင်အောင် မောင်တင့်လွင်ကား မလွှတ်သေး၊ ဆရာသုံးလေးယောက်မြင်မှ ဖုန်အလူးလူး သွေးအရဲရဲဖြစ်နေသော အကြီးကောင်ကို ခွစီးထားရာမှ လွှတ်လိုက်လေသည်။ အငယ်ကောင်ကိုကား ဆရာများက ဆွဲထားလေသည်။

အကြီးကောင်မှာ မရှုမလှဖြစ်နေသောကြောင့် တရှိုက်ရှိုက်နှင့် ငိုနေတော့လေရာ မောင်တင့်လွင်မှာမူ လက်ဝါးနှစ်ဖက်ကို ဖုန်ခါရင်း ဆရာတွေကိုမော့၍ ကြည့်လျက် မောင်မြင့်လွင်ကား သူတို့အား ဆရာတွေ ရိုက်တော့မယ်ဟု စိုးရိမ်နေဟန်ရှိလေ၏။

"မင်းသူ့ကို ဘာဖြစ်လို့ ဒီလိုထိုးသလဲ"

"သူ့ကို ကျွန်တော်တို့က မုန့်ပေးရမတဲ့"

" မပေးဘူးပြောရင် ပြီးရော မဟုတ်လား ဘာဖြစ်လို့ ရန်ဖြစ်ရသလဲ"

"သူကျွန်တော့်ကို ခဲတံနဲ့ ထိုးတယ်၊ သူက လက်သီးနဲ့ ထိုးတယ်" ဟု သွေးစို့နေသော ပခုံးနှင့် ရောင်ထလာသော နာထင်ကို ပြလေသည်။

"ခဲတံနဲ့ထိုးတဲ့ အကောင်တော့ မထိုး၊ လက်သီးနဲ့ထိုးတဲ့ အကောင်ကို ဘာဖြစ်လို့ သွေးထွက်အောင်လုပ်ရသလဲ"

"ဟိုကောင်က ကျွန်တော့်ထက် အပုံကြီးငယ်တာ၊ ပြိုင်ထိုးရင် ကျွန်တော် မတရားရာ ကျမှာပေါ့။ သူ့အစ်ကိုက ခေါင်းဆောင်မို့ ရွယ်တူချင်းထိုးတာပဲ"

mgyoe.com

mgyoe.com


ဆရာများကား တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြလေ၏။ စားပွဲထိုးကုလားက သူတို့ မတရားပုံကို အစမှ အဆုံးဝင်၍ သက်သေခံသောအခါ ဆရာများက မည်သို့မှ လှုပ်မပြောဘဲ ရေဆေးပေးရန် သူငယ်ကလေးနှစ်ယောက်ကို ခေါ်သွားရင်း...

"ဘယ်သူဖြစ်ဖြစ် နောက်တစ်ခါ ရန်ဖြစ်ရင် နှစ်ယောက်စလုံး ရိုက်မယ်" ဟု ကြိမ်းရုံသာ ကြိမ်းဝါးသွားကြသောကြောင့် အနားက ကြည့်နေသော မောင်မြင့်လွင်တွင် ဤတွင်မှ သက်မချမိလေ၏။

"မင်းနောင်... မင်းအောင်ဆိုတာ သူတို့ပေါ့ကွ..." ဟု မောင်မြင့်လွင်က သတိပေးလေရာ မောင်တင့်လွင်က ငိုယို၍ ပါသွားသော ထိုသူငယ်ကလေးများကို မျှော်ကြည့်ရင်း...

"မင်းနောင်နဲ့ မင်းအောင်မကလို့ မင်းဂေါင်နဲ့ ဝွင်းဂေါင်ဖြစ်ဖြစ် မတရားရင် ငါတော့အချပဲဟု ကြိမ်းဝါးသောအခါ အနေ့နေ့က စော်ကားရန်စ လုပ်လာခြင်းကို ခံရသည့် ရန်သူတွေကို နိုင်လိုက်ရခြင်းဖြင့် မောင်မြင့်လွင်တွင် အတော်ကျေနပ်သွားမိလေ၏။

ညနေ ကျောင်းပြန်ချိန်တွင် နေ့လယ်က ရန်စကြောင့် အိမ်အပြန်လမ်း၌ ဗိုလ်လုပွဲ ဆိုင်ရဦးမည်လားဟု တထိတ်ထိတ်ပြန်ခဲ့ရသော်လည်း သူတို့ထက်စွာလိုက်သော မောင်တင့်လွင်၏သတ္တိကို နေ့လယ်က နဖူးတွေ့ ဒူးတွေ့ သွေးထွက်အောင် တွေ့လိုက်ရပြီဖြစ်သည့်အတွက် မင်းအောင်တို့ညီအစ်ကိုမှာ ဝေးဝေးကသာ ပုဆိုးခြုံထဲက လက်သီးပြနိုင်တော့လျက် အနားသို့ မကပ်ဝံ့ကြတော့သဖြင့် ဤတွင် မောင်တင့်လွင်ကြောင့် မျက်နှာပန်းသာခဲ့ရလေ၏။

အိမ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် စားပွဲထိုးကုလားက ပြောကြားနှင့်၍ သိထားပြီးဖြစ်သော ဦးဘလွင်ကား မောင်တင့်လွင်၏ မဖြစ်စလောက်သည့် ဒဏ်ရာကို ဂရုတစိုက်ကြည့်ကာ ဆေးဝါးများ

mgyoe.com

ထည့်ပေးလေ၏။

"အခုရန်ဖြစ်တာမှာတော့ မင်းတို့က မလွန်ဘူးလို့ ငါ ကြားတယ်။ ဒါပေမဲ့ ရန်ဖြစ်တယ်ဆိုတာ အင်မတန်ဆိုးဝါးတဲ့အကျင့်ပဲ နောက်ကို မဖြစ်ကြနဲ့" ဟု ဆုံးမသဖြင့်...

"သူတို့က အရင်စထိုးတော့ ကျွန်တော်က ပြန်မထိုးရင် သတ္တိနည်းရာ ကျမှာပေါ့..." ဟု မောင်တင့်လွင်က ဆင်ခြေပေးသည်ကို

"ဟုတ်တယ် ဖေဖေရဲ့ သားဆီက နေ့တိုင်း သူတို့ ဒီလိုပဲ ယူစားတယ်။ သားစားရတာ ဝတောင် မဝဘူး"

ဟု ဝင်၍ထောက်ခံသောအခါ ဦးဘလွင်ကား ဘာမှမပြောတော့ချေ။

သို့သော် အားငယ်သော မိမိ၏သားအား ကာကွယ်တွန်းလှန်ပေးသည့် မေတ္တာစိတ်မှာ တော်ရုံတန်ရုံမဟုတ်။ အချို့ညီရင်းအစ်ကိုထက် ချစ်ခင်ကြင်နာကြောင်း သိရသောကြောင့် ဦးဘလွင်မှာ ဝမ်းမသာဘဲ မနေနိုင်ချေ။ လူကြီးပီပီ မြှောက်မပေးသင့်၍သာ ပြောလိုက်ရသော်လည်း မောင်တင့်လွင်ကိုမူ ကျေးဇူးတင်ရတော့လေ၏။

နောက်တစ်နေ့တွင်လည်း မောင်မြင့်လွင်၏ ကြင်နာသော စိတ်ထားကို ဦးဘလွင် တစ်ဆင့် သိရပြန်၏။ အကြောင်းကား မောင်မြင့်လွင်၏ ခွလေးချက်ကြောင့် ကျောင်းက မှန်တစ်ချပ် ကွဲသွားလေရာ မင်းအောင်တို့ ညီအစ်ကိုက ဆရာအား သွား၍ တိုင်တန်းစဉ် မောင်တင့်လွင်က ခွလေးကို အတင်းယူ၍ သူ့ကြောင့်ကွဲရကြောင်း လိမ်လည်ဝန်ခံကာ ဆရာ၏အရိုက်ကို မောင်မြင့်လွင်အစား ခံလိုက်ခြင်းဖြစ်လေသည်။ ထိုအကြောင်းကို မောင်မြင့်လွင်က ပြန်ပြောသောအခါ...

"မောင်တင့်လွင်က ဘာဖြစ်လို့ ဒီလို အရိုက်ခံရတာလဲကွဲ့ဟု မေးမိ၏။"

mgyoe.com

mgyoe.com


"သူဆိုရင်… ဆရာ့အရိုက်ကို ဘယ်ခံနိုင်မလဲ… တစ်ခါတည်း အော်ငိုမှာ ကျွန်တော်တောင်မှ မငိုမိအောင် မနည်းကြီးခံလိုက်ရတယ်"

တင့်လွင်က မျက်နှာလို မျက်နှာရ၊ ပြောပန်းလှအောင် ပြောပြနေသော အသံမျိုးမဟုတ်၊ ပကတိ တည်ကြည်ငြိမ်သက်သော၊ ကာယိန္ဒြေနှင့် စိတ်ရှည်လက်ရှည် ဖြေရှင်းနေခြင်းမျှသာ ဖြစ်လေရာ ညီငယ်အတွက် မရှုရက်၍ ကာကွယ်လိုက်သော သဘောတရားများ အပြည့်ပါဝင်နေတော့သကို။

ထို့ကြောင့် ကြီးမားသော သူကလေး၏မေတ္တာနှင့်ကျေးဇူးသိတတ်ခြင်းဟူသော လောကအဖို့ အရေးကြီးဆုံး တရားနှစ်ပါးကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသော ဦးဘလွင်အဖို့မှာ တင့်လွင်အား တစ်ဆင့်တိုး၍ အထင်ကြီးစရာကလေး တစ်ခုတွေ့လိုက်ပြန်လေသည်။

"အေး… မင်းသူများအတွက် ကိုယ်အနစ်နာခံတဲ့ စိတ်ကိုတော့ ဘဘ ချီးကျူးတယ်။ ဒါပေမဲ့ ဆရာကို လိမ်ပြောတာတော့ ဘဘမကြိုက်ဘူး၊ လိမ်တယ်ဆိုတာ မကောင်းဘူး မဟုတ်လား"

ဦးဘလွင်က ချီးမွမ်းခြေကျောက်စကားဖြင့် လူကြီးပရိယာယ်သုံးကာ ဖုံးလိုက်လေသည်။

ချစ်ခြင်းဟူသော၊ လူ့သဘောလည်း မနေ့ာထဲသို၊ ဝမ်းတွင်းမျို လျက်၊ ကျွန်ကိုချစ်ရာ၊ ကွယ်သောခါတည့်၊ စေပါယောကျ်ား၊ သူရင်းငှားအား၊ စားစဥ်အခိုက်၊ သားဌအိပ်ခါ၊ မယားမှာမူ တန်ဆာဝတ်စား၊ ပေးစဥ်များနှင့် ပျော်ပါးသော်မှ ယုယထင်စွာ ပြုအပ်ရာ၏။

ဟူသောစကားအရ ဦးဘလွင်သည် မောင်တင့်လွင်နှင့် ပတ်သက်၍ ဤသဘောအတိုင်းသာ ထားရှိလေသည်။

ဤသို့နှင့်ခင်တွယ်စရာ၊ ထောက်ညှာစရာ၊ သနားစရာ အကြောင်း

mgyoe.com

mgyoe.com


ကလေးများသည် ဦးဘလွင်၏ သမုဒယအဖြစ်ခိုင်မြဲစွာ တုပ်နှောင်လျက် ရှိတော့လေ၏။ ဘုရားရှိခိုး တစ်ပုဒ်လုံး မောင်တင့်လွင်က ချပေး၍ မောင်မြင့်လွင်၌ နှုတ်တက်အာဂုံ ကောင်းနိုင်သောအချိန်တွင် မနားမနေ ကြိုးစားခြင်းကြောင့် ကျောင်းစာမှန်သမျှလည်း မောင်တင့်လွင်တွင် ထက်မြက်သောဉာဏ်နှင့် အတော်ကြီး ပေါက်ရောက်လျက် ရှေ့ကပြေးနေသော မောင်မြင့်လွင်၏အဆင့်အတန်းကို မီလာခဲ့လေ၏။

* * *

အချိန်ကာလမှာ ရွှေတိဂုံဘုရားကြီးမီးသင့်ပြီး၍ ဂေါ်ရင်ဂျီ–ဗမာတိုက်ပွဲ၊ တရုတ်–ဗမာရိုက်ပွဲများပြီးစီးခဲ့ရ ရုံမျှမက သုပဏ္ဏက ဂဠုန်ရာဇာဆိုသော ဆရာစံတို့ပင် ထကြွသောင်းကျန်းနေကြသဖြင့် မောင်တင့်လွင်တွင် ဦးဘလွင်နှင့် တွေ့ကြုံခဲ့သည်မှ နှစ် နှစ်လောက်ကြာလွန်ပြီဖြစ်လေ၏။

"တစ်ညနေတွင် ဦးဘလွင်ကား တိုက်အပေါ်ထပ် ပြတင်းပေါက်အနီး ကုလားထိုင်ကြီး တစ်လုံးပေါ်၌ သတင်းစာဖတ်လျက် ရှိလေ၏။ ကလေးနှစ်ယောက်မှာ ခြံဝင်းအတွင်း ဘောလုံးကန်လျက်ရှိလေ၏။ ဦးဘလွင်မှာ တစ်ခါတစ်ခါ သတင်းစာဖတ်ရာမှ မောင်မြင့်လွင်တို့အား လှမ်း၍ကြည့်ရင်း စဉ်းစားမိလေသည်။

မောင်မြင့်လွင်၏အလိုကို အမြဲလိုက်လေ့ရှိသော မောင်တင့်လွင် စိတ်သဘောကို နေ့စဉ်နှင့်အမျှ တွေ့ခဲ့ရလေသည်။ သားအရင်းကဲ့သို့ မဟုတ်ဘဲ ဒုက္ခိတသတ္တဝါကလေးတစ်ဦးကို တွေ့ကြုံခဲ့ရ၍ ဝတ္တရားကျေပွန်လောက်ရုံသာ ကယ်တင်စောင့်ရှောက်ထားမည်ဟူသော စေတနာရိုးရိုးလောက်က မိမိသားကို မေတ္တာထားခြင်း၊ ငဲ့ညှာခြင်း၊ စောင့်ရှောက်ခြင်း၊ မိမိအား ရိုသေကြောက်ရွံ့ခြင်း ယုတ်စွအဆုံး အိမ်မှိရှိ အစေခံအားလုံး၏ ချစ်ခင်ရာ လေးစားရာ ရောက်အောင် ပြောဆိုနေထိုင်

mgyoe.com

mgyoe.com


ကျင့်ကြံခြင်းတို့ကြောင့် ဦးဘလွင်ကိုယ်တိုင်သူစိမ်းဟူရာပင် သဘော မထားနိုင်တော့ဘဲ မိမိသားနှင့် တစ်သမတ်တည်း မချစ်နိုင် မသဒ္ဒါနိုင်စေ ကာမူ တူအရင်းလောက် မေတ္တာမျှ နေရတော့လေသည်။

သားအရင်းဖြစ်သူ မောင်မြင့်လွင်ကမူကား မိမိအရင်မွေးထားသော အစ်ကိုအရင်းတမျှ နွဲ့ဆိုးဆိုးခြင်း၊ တစ်ဇွတ်ထိုးလုပ်ပေကတ်ကတ် နေခြင်းတို့ ရှိစေကာမူ တကယ့် စေတနာမေတ္တာမှာ ညီအစ်ကိုအရင်း ကဲ့သို့ မှတ်ယူထားပုံရလေသည်။ ထို့ကြောင့် မိမိသေလွန်သွားသော ကာလသို့ ရောက်စေကာမူ မောင်တင့်လွင်အတွက် အခွင့်အရေးတစ်ခုခု ပေးကမ်း ချီးမြှောက်ရခဲ့ရမလိုဖြစ်နေသော ဦးဘလွင်ကား နောင်ရေးများ အတွက် စဉ်းစားစရာဖြစ်နေလေ၏။

"ဟေ့ကောင်နီးနီးကလေးက ကပ်ပြီးသိပ်မရွတ်နဲ့နော်"

"အောင်မာ ကြောက်သလားကွ"

"ကြောက်လို့ မဟုတ်ဘူး ခြံအပြင်ဘက် ရောက်သွားမှာစိုးလို့"

ထိုအတွင်း မောင်မြင့်လွင်ကား မောင်တင့်လွင်ထံသို့... ဘောလုံး ကန်လိုက်လေရာ အရှိန်ပြင်းထန်သော ဘောလုံးလည်း ဝါးတိုင်ကလေး နှစ်တိုင်စိုက်၍ ဂိုးစောင့်နေသော မောင်တင့်လွင်က ခုန်ဖမ်းသည်ကိုမှ မမိအောင် ခေါင်းပေါ်မှကျော်၍ ခြံအပြင်ဘက်သို့ ထွက်သွားလေသည်။

"ဟာကွာ မင်းက သိပ်ကန်တာ ဒီတစ်ခါတော့ ငါမကောက်ဘူး၊ မင်းသွားကောက်" ဟု စိတ်ပျက်လက်ပျက်နှင့် မောင်တင့်လွင်က ညည်း လိုက်သောကြောင့်။

"ဟား – ဟား – ငါ ဘာလို့ ကောက်ရမှာလဲကွ... ဂိုးစောင့်တဲ့ လူကောက်ပေါ့" ဟု ပမာမခန့် လုပ်ပြောနေသဖြင့်။

"နီးနီးကလေးက ကပ်ပြီး အတင်းကန်တာ မင်းကောက်"

"မကောက်ဘူးကွ"

mgyoe.com

mgyoe.com

"မကောက်ရင်နေ"

"နေလေ ငါလည်း မကောက်ဘူး"

"အေး တော်တော်ကြာလို့ ဘောလုံးပျောက်သွားရင်... ဖေဖေက ဆုံးမမှာပဲ ဒီတော့ မင်းကို ကြိမ်းမှာပေါ့ ငါကို ကြိမ်းမှာ မဟုတ်ဘူး" ဟု မောင်မြင့်လွင်က ပြောလိုက်သောအခါ အရွဲ့တိုက်နေသော မောင်တင့်လွင်က အိမ်ဘက်သို့ လှည့်ကြည့်လိုက်မိလေသည်။

ခြံအပြင်ဘက်သို့ ရောက်သွားသော ဘောလုံးကား... လမ်းလျှောက်လာသော သူတစ်ဦးတစ်ယောက်အလွယ်နှင့် ကောက်ယူသွားနိုင်ကြောင်း မောင်တင့်လွင် စဉ်းစားမိလေ၏။ အရွဲ့တိုက်၍ပေကတ်နေသော မောင်မြင့်လွင်အား အားကျမခံလုပ်၍နေလျှင် ဘောလုံးသာ ပျောက်သွားမည်ကို စိုးရိမ်လာသောကြောင့်။

"အေး... ဒီတစ်ခါပဲ ငါကောက်တော့မယ်ဆရာ... နောက်အနီးကလေးက သိပ်ကန်ရင် မင့်ဟာမင်း ထွက်ကောက်" ဟု ပါးစပ်မှ တဗျစ်တောက်တောက်ပြောရင်း ခြံအပြင်သို့ ထွက်သွားလေရာ မောင်မြင့်လွင်မှာကား အားရကျေနပ်သကဲ့သို့ အသံထွက်အောင်ရယ်လျက် ခုန်ဆွ–ခုန်ဆွကျန်ရစ်ခဲ့လေ၏။ ဦးဘလွင်ကား အကျုပ်ကိုင်နေသော သားတော်မောင်၏စကားနှင့် မခံချင့်ခံချင် အညံ့ခံသွားရရှာသော မောင်တင့်လွင်ကို ကြည့်ကာ ပြုံးမိလေ၏။

ခြံအပြင်ဘက်သို့ မောင်တင့်လွင် ရောက်သွားသောအခါ ဘောလုံးကျလာမည် ထင်ရသောနေရာကို မှန်း၍ လိုက်ခဲ့လေသည်။ ထိုအခိုက်ခြံထောင့်တစ်ထောင့်တွင် မောင်တင့်လွင်အား စောင့်မျှော် ကြည့်ရှုနေသကဲ့သို့ ပုန်းလျှိုးကွယ်လျှိုး ချောင်းနေသည့် လူတစ်ယောက်ကို မောင်တင့်လွင် သတိမထားမိ။

ထိုလူကား အသက်သုံးဆယ်ကျော်ခန့် နီတွတ်နေသော မျက်နှာ

mgyoe.com

mgyoe.com


ကြမ်းနှင့် တောက်ပြောင်ဝိုင်းစက်သည့် မျက်လုံးအစုံမှာ အတော်ရက်စက်ကြမ်းကြုတ်မည့် အင်္ဂါရုပ်ဖြစ်လေ၏။ အရောင်လွင့်ပျက် မွဲတေနေသော ဗလေဇာကုတ်နက်ပြာရောင်ကိုဝတ်ကာ ကြမ်းပိုးများ ဆောင်းလေ့ဆောင်းထ ရှိသော တရုတ်ကက်ဦးထုပ်ကို ဆောင်းပြီးလျှင် ညစ်ထေးသော ချည်ပုဆိုးသည် မွဲပင်မွဲငြားသော်လည်း တော်သလို လျော်သလို နေလာခဲ့ကြောင်း ထင်ရှားလေ၏။

မောင်တင့်လွင်အား သေချာစွာကြည့်ပြီးနောက် အနည်းငယ် စိတ်ကျေနပ်သွားသကဲ့သို့ ပြုံးလိုက်ကာ မြက်တောတွင် ဘောလုံးရှာနေသော မောင်တင့်လွင်အနားသို့ ကပျာကယာကပ်ခဲ့လေ၏။ မောင်တင့်လွင်ကား ထိုသူကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ္ဆေအခြောက်ခံရသလို လန့်သွားကာ နောက်သို့ ဆုတ်မိလေ၏။

ထိုအခါကား မြန်မာပြည် တစ်ပြည်လုံး ဂျပန်တို့ကလည်း မြို့ကြီးပြကြီးများကိုပင် ဝင်၍ စီးတော့မလို ဖြစ်နေလျက် ဂျပန်အတုများကလည်း ရောင်တော်ပြန်နှင့် ရောလွတ်၍ နိုင်ရာစား ကျင့်ကြံနေသောအချိန်ဖြစ်သောကြောင့် လူအပေါင်းမှာ အထိတ်ထိတ် အလန့်လန့် ဖြစ်နေဆဲ ရှိလေ၏။

ထိုသူကား ဂျပန်တပ်ရင်းမှ လူဆိုးတစ်ယောက်ဟု ထင်ရသော်လည်း မောင်တင့်လွင်ကား မြင်လျှင်မြင်ချင်း မှတ်မိလိုက်လေသည်။ သို့သော် စကားမပြောဘဲ အံ့သြနေမိလေ၏။

"ဟေ့ကောင် မင်းက ငါ့တောင် မမှတ်မိချင်တော့ဘူးလား" ဟု ရက်စက်ကြမ်းကြုတ်သော မျက်နှာကို ခပ်ချိုချိုပြုံးရင်း မေးလေ၏။

သူပြုံးလိုက်သည်ကား မောင်တင့်လွင်ကို အကြောက်ပြေအောင် မဖန်တီးနိုင်၊ သရဲတစ္ဆေပြုံးပြသလို ထင်ရလေတော့သည်။ ထို့ကြောင့် အိမ်ဘက်သို့ လှည့်ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ထိုလူက

mgyoe.com

mgyoe.com


လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

"ဘာလဲမင်းက အော်တိုင်ချင်သေးလား... ဟောသည်မှာ ကြည့်" ဟု အဆိုပါလူက ခါးကြားထဲမှ အရောင်တလက်လက် ထွက်နေသော ဓားမြှောင်ကိုထုတ်ပြ၍ ခြိမ်းခြောက်ရာ။

"မဟုတ်ပါဘူး ဦးလေးရာ အိမ်က ကြားရင် ကျွန်တော့်ကို ရိုက်နေမှာစိုးလို့ပါ" ဟု မျက်နှာငယ်နှင့် ဖြေလေသည်။

ထိုသူကား တခြားသူမဟုတ်။ ပဲခူးမြို့တွင် မောင်တင့်လွင်အား ကျွေးမွေးထားသည့် ဦးလေးတော် အောင်ဘဆိုသူ ဖြစ်ခြင်းကြောင့် ငယ်ငယ်ကတည်းက ရက်စက်ခဲ့သောအရှိန်နှင့် မောင်တင့်လွင်၌ အကြောက်မပြေနိုင်အောင် ရှိလေ၏။

"မင်းကို သူတို့က နှိပ်စက်သလားကွ"

"မနှိပ်စက်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ကြောက်ရမှာလဲကွ။ ငါမင်းကိုတွေ့ချင်လို့ လာလာစောင့်နေတာ ကြာလှပြီ... အခုမှ တွေ့ရတယ် ငါမင်းကို စကားပြောချင်လို့"

မောင်တင့်လွင်သည် မရဲတရဲနှင့် ကြည့်ရင်း ငါ့ကိုများ အတင်းပြန်ခေါ်နေမှာလားဟု စိုးရိမ်မိလေသည်။ အောင်ဘနှင့် နေခဲ့ရခြင်းက မဟာအဝီစိနှင့်တူ၍ ဦးဘလွင်တို့နှင့် နေရခြင်းလား တုသိတာ နတ်ပြည်နှင့်တူကြောင်း မောင်တင့်လွင် ကောင်းစွာ နှိုင်းချိန်နိုင်လေသည်။

"ငါ့မှာ သိပ်ဆင်းရဲနေတယ်ကွာ... အဲဒါ မင်းဆီမှာ အကူအညီတောင်းချင်လို့"

"ကျွန်တော် ဘာကူညီနိုင်မှာလဲ" ဟု ပြောလိုက်ရသော်လည်း စိတ်ညစ်စရာတစ်ခုခုကို ကြားရတော့မည်ဟု စဉ်းစားနေစဉ်...

"မင်းဟာ သူတို့နဲ့ ဘာမှ မတော်ဘူးကွ။ ငါနဲ့သာ တူအရီးတော်

mgyoe.com

mgyoe.com


တာ၊ မင်း ဒါတွေ သိရဲ့လား" ဟု ခပ်ပြုံးပြုံးနှင့်ရယ်သွမ်းသွေးနေလေသည်။

"ကျွန်တော် သိပါတယ်" ဟု ဘာစကား ဆက်မည်ကို အကဲခတ်ရင်း ပြန်ပြောမှ

"အေး ဒီလိုမှပေါ့ကွ... ငါ့တူ ဦးလေးချမ်းသာတာ မကြည့်ချင်ဘူးလား"

"ကြည့်ချင်ပါတယ်။ ကျွန်တော် သွားပါရစေတော့ အိမ်က ဆူနေလိမ့်မယ်"

"နေပါဦးကွယ်၊ ဖြည်းဖြည်းပေါ့။ ဦးလေးပြောပါရစေဦး"

"ဒါဖြင့် မြန်မြန်ပြောပါ ဦးလေးရဲ့"

"သူတို့က အခုမင်းကို ထမင်းသာ ကျွေးထားတာ မဟုတ်လားကွ"

"ကျောင်းလည်း ထားပေးပါတယ်"

"အေးလေ ကျောင်းထားတာက တစ်လ ငါးကျပ် မကုန်ပါဘူး"

"ကျွန်တော့်ကိုလည်း ချစ်တယ်"

"ဟာ၊ ငါ့လခွေး သားအရင်းမှ မဟုတ်တာ ဘယ်ချစ်မလဲကွ သူစိမ်းချစ်တယ်ဆိုတာ ငါအိပ်နေသလောက် ရှိပါသေးတယ်၊ ဒီတော့ ငါပြောမယ် ဦးလေးမှာလည်း သိပ်ဆင်းရဲနေတယ်။ မင်းမှာလည်း သူစိမ်းတွေနဲ့ မျက်နှာငယ်နေရတယ်။ ဒီဟာ ဦးလေးမချမ်းသာလို့ပေါ့၊ ဦးလေး ချမ်းသာရင် မင်းဒီထက်တောင်ပျော်အောင် နေရဦးမယ်။ ဒါကြောင့် ဒီနေ့ညနေပြန်တစ်ချက်မှာ မင်းအိပ်တဲ့ အခန်းတံခါးပေါက်ကို ဖွင့်ပြီး ငါ့ကို စောင့်နေ ငါလာခဲ့မယ်" ဟု စိတ်အားထက်သန်စွာ တိုးတိုးကလေး ကျိတ်၍ အကြံပေးနေသည်မှာ မောင်တင့်လွင်တွင် ကြက်သီးမွေးညင်းများ ထလာလောက်အောင် ထိခိုက်သွားသောကြောင့် အောင်ဘ၏ မျက်နှာကိုကြောက်အားလန့်အားနှင့် ဆတ်ခနဲမော့ကြည့်လိုက်မိလေ၏။

* * *

mgyoe.com

mgyoe.com


"ကျွန်တော်က ဘာလုပ်ဖို့ ဖွင့်စောင့်ရမှာလဲ ဦးလေးရဲ့" ဟု မေးရစေကာမူ ယုတ်မာသော ဦးလေး၏အကြံကို သိသင့်သလောက်သိပြီး ရိပ်မိပြီးဖြစ်လေ၏။

အောင်ဘကား စိတ်ထားညစ်ညမ်းသော သူတစ်ယောက်ဖြစ်ရာ အသက်မွေးဝမ်းကျောင်းလည်း ဖြူစင်လှသည်မဟုတ်၊ ခိုးတန်လျှင် ခိုး... လုတန်လျှင်လု ခါးပိုက်နှိုက်တန်လျှင် နှိုက်၍ ရသလိုစားနေခဲ့သူဖြစ်လေ၏။

ပဲခူး–ဘူတာရုံထဲတွင် မိမိအား ထမင်းရောင်းခိုင်းစဉ်က ကောင်းရောင်း ကောင်းဝယ်သာမဟုတ်၊ မီးရထားထွက်စတွင် လွယ်ကူသောသားရေအိတ် ဖဲထီး စားစရာ သစ်သီးစသည့် ခရီးသည်တို့၏ ပစ္စည်းကို အလစ်တွင်ဆွဲ၍ ဆင်းခဲ့ရသည့်အလုပ်တစ်ခုကိုပါ မတတ်တတ်အောင် မကျွမ်းကျင် ကျွမ်းကျင်အောင် တုတ်မိုး၍ သင်ကြားခဲ့သူဖြစ်ရာ မောင်တင့်လွင်ကိုယ်တိုင်ပင် လေးငါးခြောက်ခါမက အောင်မြင်အောင် အကျင့်စာရိတ္တ ပျက်ပြားခဲ့ရလေသည်။

ယခုလည်း ဝင်္ကကျွတ်၍ ကောင်းရာသုဂတိ ရောက်နေပြီဟု မှတ်ထင်ခဲ့သော ဤဘဝတိုင်အောင်ပင် လိုက်လံရှာဖွေ၍ မိမိကို အနိုင်ကျင့်နေပြန်သောကြောင့် မောင်တင့်လွင်တွင် စိတ်အညစ်ကြီးညစ်နေပြန်လေသည်။ ညအချိန်မတော် မလွယ်ပေါက်ကို ဖွင့်၍ စောင့်ရမည်ဆိုရာ၌ မိမိဖွင့်ပေးသော အပေါက်ကဝင်၍ အိမ်တွင်းရှိ ပစ္စည်းများကို ခိုးယူမည်၊ သို့မဟုတ် ဓားပြတိုက်ယူမည်မှာ သေချာနေသောကြောင့် သေမတတ်ကြောက်ရွံ့ခဲ့ရသော အောင်ဘကို မုန်းတီးနေလင့်ကစား သူ့အနီးမှလည်း ထွက်ပြေးရမှာ မဝံ့အောင် ရှိသေးသည်။

"ငါဘာလုပ်လုပ်ပေါ့ကွ ချမ်းသာတာ မူလ မဟုတ်လား"

"ဟာ... ကျွန်တော် ဘယ့်နှယ်လုပ်ပြီး... ဖွင့်စောင့်မလဲ ကျွန်တော်

mgyoe.com

mgyoe.com


မလုပ်ဝံ့ဘူး"

"သူတို့အားလုံး အိပ်ပျော်မှ လုပ်ရမှာ၊ မလုပ်ဝံ့ဘူးလား" ဟု မိုးကြိုး အသံနှင့်တူအောင် ကြိမ်းဝါးလိုက်လေ၏။

"ဦးလေး သူတို့ပစ္စည်းတွေ ဝင်ခိုးမှာ မဟုတ်လား၊ ဒီလိုဆိုရင် ကျွန်တော့်ကို ကျွေးထားတာ ကျွန်တော် မတရားရာ ကျမှာပေါ့" ဟု မောင်တင့်လွင်က အရဲစွန့် ပြောလိုက်လေ၏။

"အံမာ... ဒါတွေ... မင်းပြောရမယ့် စကားတွေ မဟုတ်ပါဘူး၊ မစောင့်ဘူးလား... စောင့်မလား... ဒါပဲပြော"

"ပိုက်ဆံလိုချင်ရင် ကျွန်တော်စုထားတာ ငါးကျပ်လောက် ရှိတယ်၊ အဲဒါယူမလား ကျွန်တော် သွားယူပေးမယ်လေ... အခု ကျွန်တော့် အိတ်ထဲမှာလည်း ငါးမူးပါသေးတယ်။ အဲဒါတွေသာ ယူသွားပါ" ဟု မျက်နှာငယ်နှင့် တောင်းပန်ရှာသော်လည်း...

"ဒါလောက်ကို ငါ မယူချင်ဘူး၊ ငါပြောတာ မင်းမလုပ်ရင် မင့်ကို ငါပြန်ခေါ်သွားမယ်၊ ဦးလေးတစ်ယောက်လုံး ရှိရက်နဲ့ သူတို့က မွေးစားချင်ပါတယ် ပြောပြီး ခေါ်ထားလို့ ရတာမျိုး မဟုတ်ဘူးကွ၊ အဲ–မင်း ငါ့နောက်ပါလာတာနဲ့ သေရအောင်သာ ပြင်ပေတော့" ဟု အားရပါးရ အံကြိတ်ပြီး ခြိမ်းခြောက်ပြန်လေသည်။

မောင်တင့်လွင်ကား... မျက်လုံးကလေး တလည်လည်နှင့် ထွက်ပေါက်ကို စဉ်းစားရင်း မကြံတတ်အောင် ဖြစ်နေလေ၏။ အနည်းအကျဉ်းရိပ်မိသော အောင်ဘက...

"မင်း... ဖွင့်ပေးပါမယ်ဆိုပြီး ညာမယ်များ မကြံနဲ့နော်... ဟောသည်နေရာက စောင့်ပြီး လာအသတ်ပဲ၊ ငါ့အကြောင်း မင်းသိတယ် မဟုတ်လား"

မောင်တင့်လွင်၌ မည်သို့မှ မကြံတတ်အောင် ဖြစ်သွားလေ၏။

mgyoe.com